ရောင်းမှန်

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ် ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 22 June 2023 ၁၁၁၃၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေသည့် မူပိုင်ခွင့် အကာအကွယ်ပေးခြင်းစနစ်တစ်ရပ်ကို ဖော်ဆောင်ကျင့်သုံးရာတွင် မိမိတို့နှင့်သက်ဆိုင်သည့်အခန်းကဏ္ဍများက ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၃)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၃) တွင် အမှာစကားပြောကြားစဉ်။

ယနေ့ ဖတ်စရာ

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၆

ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ အလုပ်သမား၊ သဘော်သားလုပ်ခ၊ လစာများ လွှဲပို့ခြင်းကိစ္စရပ်များအတွက် အဆင်ပြေစေရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်

စာမျက်နှာ » ၉

ကြားမှ

ဟန့်တားနှောင့်ယှက်မှုများ ဖယ်ရှားကျော်လွှား

နိုင်ငံတစ်နိုင်ငံတွင် နောက်ခံအကြောင်းတရားများအရ အပြောင်းအလဲဖြစ်စေသော အကြောင်းအကျိုးအမျိုးမျိုးရှိမည်ဖြစ်သည်။ မည်သို့ပင်ပြောင်းလဲသည်ဖြစ်စေ အရေးကြီးသည်မှာ နိုင်ငံနှင့် လူမျိုးအတွက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် လက်တွေ့ဆောင်ရွက်ချက်များရှိရမည်ဆိုလျှင် ကောင်းမွန်သည့်ဆောက်ရွက်နေမှုများကို လက်ခံကြမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်အဝကျင့်သုံးပြီး အကောင်အထည်ဖော်နေသည်။ ဆက်လက်၍ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန်အတွက် ဦးတည်ဆောင်ရွက်နေသည်။ အဆိုပါအချက်များနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အာမခံချက်ခိုင်ခိုင်မာမာပေးထားသည်။ မြန်မာနိုင်ငံ၏ဦးတည်ချက်များသည် တိုင်းရင်းသားပြည်သူများအားလုံး လိုလားသည့် မျှော်လင့်ချက်ဆန္ဒများဖြစ်သည်။ ပြည်သူများ၏ လိုလားချက်များကို အခက်အခဲအနှောင့်အယှက်များကြားမှ မဖြစ်မနေကြိုးပမ်းအကောင်အထည်ဖော်နေသည်ကို တွေ့ရမည်ဖြစ်သည်။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည်။ မျက်မှောက်ကာလတွင် နိုင်ငံရေးအရ၊ စီးပွားရေးအရ တည်ငြိမ်မှုများရရှိလာပြီး အတိုင်းအတာတစ်ခုအထိ တိုးတက်ဖြစ်ထွန်းနေသည်။ နိုင်ငံတကာဆက်ဆံရေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည့်အတိုင်း လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိသည်။ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူနှင့်အညီ နိုင်ငံအားလုံးနှင့် သင့်မြတ်စွာဆက်ဆံလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတိုင်းနှင့် မိတ်ဖက်ချစ်ကြည်ရေးကိုသာ ဦးတည်ဆောင်ရွက်သွားမည်ဟု မကြာခဏပြောကြားထားသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုအနေဖြင့် မြန်မာနိုင်ငံ၏ ရပ်တည်ဆောင်ရွက်နေမှုများအပေါ် နားလည်သဘောပေါက်ကြပြီး အပြုသဘောဆောင် အကောင်းမြင်စိတ်ထားဖြင့် မိတ်ဝတ်မပျက်ဆက်ဆံလျက်ရှိသည်။ သို့သော် ဒီမိုကရေစီ လိုလားသော၊ လူသားချင်းစာနာထောက်ထားသော နိုင်ငံကြီးတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအစိုးရက အကောင်အထည်ဖော်နေသည့် ပြည်သူများလိုလားသော၊ ပြည်သူများအကျိုးအတွက် ဆောင်ရွက်နေသော နိုင်ငံရေး၊ စီးပွားရေး ဆောင်ရွက်ချက်များကို မျက်ကွယ်ပြု၍ တစိုက်မတ်မတ်ဖိအားပေး၊ အကျပ်ကိုင်မှုများ ပြုလုပ်နေသည်မှာ မေးခွန်းထုတ်စရာဖြစ်သည်။ လတ်တလောတွင် အမေရိကန်နိုင်ငံအနေဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်(MICB)တို့ကို စီးပွားရေးပိတ်ဆို့ကန့်သတ်မှုစာရင်းထည့်မည်ဟု ထိုင်းနိုင်ငံမှ TVS သတင်းများမှတစ်ဆင့် သတင်းများပေါ်ထွက်နေခြင်းသည် မြန်မာနိုင်ငံအား သွယ်ဝိုက်သောနည်းလမ်းဖြင့် အနှောင့်အယှက်ပေးခြင်းသဘောဖြစ်သည်။

အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့မှုများအား အစဉ်အဆက်ဆောင်ရွက်ခဲ့သည်။ စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်လျက်ရှိသော်လည်း ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်နှင့်အညီ ပိတ်ဆို့ဟန့်တားမှုများကို ပြည်တွင်းအားဖြင့်ပင် ကျော်လွှားနိုင်ခဲ့သည်။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့သည် နိုင်ငံခြားဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပေးနေသည်။ နိုင်ငံပိုင်ဘဏ်များအနေဖြင့်လည်း အလားတူစနစ်တကျဆောင်ရွက်လျက်ရှိသည်။ အဆိုပါဘဏ်များသည် အမေရိကန်အခြေစိုက်ဘဏ်များ၊ ဘဏ်ခွဲများနှင့် နိုင်ငံခြားငွေစာရင်းဖွင့် ဆောင်ရွက်ထားခြင်းမရှိပေ။ ထို့ကြောင့် နိုင်ငံခြားငွေကြေးများနှင့် ပတ်သက်၍ ဆုံးရှုံးမှုမရှိနိုင်။ နိုင်ငံခြားငွေဖြင့် ကုန်သွယ်ငွေပေးချေမှု၊ ဝန်ဆောင်မှုများကို စနစ်တကျဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံခြားငွေနှင့်ဆက်စပ်သည့် မိဘပြည်သူများအနေဖြင့် ယခုပေါ်ထွက်လာသောတရားမဝင်သတင်းများနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြ ပူပန်ဖွယ်ရာမရှိဟု ဆိုချင်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ် ဝန်ဆောင်မှုလုပ်ငန်းများကို ဘဏ်တစ်ခုတည်းဖြင့် ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ပြည်တွင်း၌ ဝန်ဆောင်မှုပေးနေသည့် ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်များနှင့် ဘဏ်ခွဲများအားလုံးက မှန်မှန်ကန်ကန် ဆောင်ရွက်ပေးနေသည်။ နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံခြားသုံးငွေလွှဲပြောင်းခြင်း၊ ပေးပို့လက်ခံခြင်း၊ ပို့ကုန်သွင်းကုန်ပြုလုပ်ခြင်း၊ အလုပ်သမားများ၊ သင်္ဘောသားလုပ်ခလစာလွှဲပို့ခြင်းကိစ္စများကို အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ပြည်သူများလိုလားသည့် စစ်မှန်သောဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျက်ရှိပြီး နိုင်ငံရေးအရ စီးပွားရေးအရ တိုးတက်မှုရလဒ်ကောင်းများရှိနေပြီဖြစ်ရာ နိုင်ငံပျက်စီးရာပျက်စီးကြောင်း နှောင့်ယှက်ဟန့်တားမှုများအား ဖယ်ရှားကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။ ။

စိုက်ပျိုးရေးကျောင်း– ပျဉ်းမနား၊ တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အခမ်းအနား

State Agricultural Institute (Pyinmana)

အနာဂတ်၏ ဖွံ့ဖြိုးမြန်မာ၊ စိုက်မွေးပညာ သင်ယူပါ၊ လူငယ်ဘဝ တစ်သက်တာ

နှစ်တစ်ရာပြည့် အဆောက်အဦးများနှင့်ပြခန်းများသို့ အများပြည်သူများ လာရောက် လေ့လာနိုင်ပါသည်။

ပျဉ်းမနား၊ စိုက်ပျိုးရေးသိပ္ပံကျောင်း

၂၀၂၃ခုနှစ်၊ ဇွန်လ ၂၄ - ၂၅ရက်

မင်းလှမြို့တွင် အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

မင်းလှ ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ယနေ့ နံနက်ပိုင်းက အမှတ်(၆)ဈေးချိုတန်းလမ်း မြို့လယ်မျှောရုံရှေ့၌ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသည်။

ထိုသို့ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်၏ ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဈေးနှုန်းသက်သာစွာဖြင့် ဆန်၊ ကြက်သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်တို့ကို ဒေသခံပြည်သူများအား ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ရှေပြည်သာ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး ရှေပြည်သာမြို့နယ် အမှတ်(၆) ရပ်ကွက် မြို့ဦးစေတီတော်ကြီးဝင်းအတွင်း၌ ဇွန် ၂၀ ရက် နံနက် ၉ နာရီက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကျွန်း ၁၀၂ ပင်၊ ပျဉ်းကတိုး ၁၀၂ ပင်၊ ပျဉ်းမ ၁၀၁ ပင်၊ ခရေအပင် ၅၀၊ မဟော်ဂနီ နှစ်ပင်၊ ကံ့ကော် တစ်ပင် စုစုပေါင်းပျိုးပင် ၃၅၈ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ညာဏ်ဟိန်း**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၁-၆-၂၀၂၃

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၇,၉၀၀	၈,၀၀၀	၄၉၁	၃,၉၂၀,၁၀၀
MTSH	၂,၉၀၀	၂,၉၀၀	၂,၃၇၄	၆,၈၈၄,၆၀၀
MCB	၇,၂၀၀	၇,၂၀၀	၆	၄၃,၂၀၀
FPB	၁,၅၀၀	၁,၅၀၀	၁၁,၃၂၄	၁၆,၉၈၆,၀၀၀
TMH	၂,၄၀၀	၂,၄၀၀	၁၀၀	၂၄၀,၀၀၀
EFR	၂,၄၅၀	၂,၅၀၀	၅၅၀	၁,၃၇၀,၀၀၀
AMATA	၄,၈၀၀	၄,၈၀၀	၂၁၇	၁,၀၄၁,၆၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြားမှ

စာတည်းမှူးချုပ်	– ဦးစိုးစိုးနိုင်	**အကြီးတန်း**	– ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦ၊
စာတည်းမှူး	– ဦးဝင်းနိုင်	**သတင်းထောက်များ**	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	– ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အငယ်တန်း သတင်းထောက်များ**	– ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	– ဒေါ်ဇင်မာဝင့်
ဘာသာပြန်	– ဦးနိုင်လင်းကြည်၊	**စာပြင်**	– ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	– ဦးကျော်သူရနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	– ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

☆ ရှေ့ဖုံးမှ

ယခုအစည်းအဝေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပထမအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့(WIPO) တို့၏အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာအဆင့်မီသည့် မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်နိုင်ရန်လိုအပ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်နှင့်အညီ ၂၀၁၉ ခုနှစ်တွင် မူပိုင်ခွင့်ဥပဒေ (၄) ရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း။

စတင်ဆောင်ရွက်နေပြီဖြစ်

မူပိုင်ခွင့်ဥပဒေ (၄)ရပ်အနက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ယခုနှစ် ဧပြီ ၁ ရက်က အာဏာတည်ခဲ့ပြီး အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားဝင်လက်ခံ၍ ယခုနှစ် ဧပြီ ၂၆ ရက်မှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ကြော်ငြာစာများကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မူပိုင်ခွင့်ဥပဒေ (၄)ရပ်အနက် ဆက်လက်ဆောင်ရွက်ရမည့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို အာဏာတည်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီတွင် မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များကိုလည်း ရွေးချယ်ပြီး ဖြစ်သည့်အတွက် ထည့်သွင်းဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် မူပိုင်ခွင့်ဥပဒေများပါ အခန်း ၄၊ ပုဒ်မ ၈ အရ အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီအနေဖြင့် နိုင်ငံတော်၏မူပိုင်ခွင့်စနစ် တည်ထောင်ရာတွင် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အတွက် လိုအပ်သည့် ကဏ္ဍများအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့တို့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုန်သွယ်ရေးနှင့်စပ်လျဉ်းသည့် မူပိုင်ခွင့်ဆိုင်ရာစာချုပ်ကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို လည်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း တည်ဆောက်ရာတွင် အာဆီယံဒေသတွင်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်းကို အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ လိုက်ပါဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်စည်စီးဆင်းမှုများ တိုးတက်စေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုနိုင်သည့် မူပိုင်ခွင့်စနစ်များကို မိမိတို့ထက် ဆောလျင်စွာဖော်ဆောင်ကျင့်သုံးနေကြပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း အခြားသောအဖွဲ့ဝင်နိုင်ငံများနှင့် တန်းတူရင်ပေါင်တန်းဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းလိုကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များအနက် မူပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များသို့ ဝင်ရောက်ခြင်း လုပ်ငန်းစဉ်တွင်လည်း အခြားနိုင်ငံများနည်းတူ ပါဝင်နိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဝိုင်းဝန်းပူးပေါင်းပါဝင်

ယခုဖွဲ့စည်းထားသည့် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီတွင်ပါဝင်သည့် တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေသည့် မူပိုင်ခွင့်အကာအကွယ်ပေးခြင်းစနစ်တစ်ရပ်ကို ဖော်ဆောင် ကျင့်သုံးရာတွင် မိမိတို့နှင့် သက်ဆိုင်သည့်အခန်းကဏ္ဍများကနေ ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဝန်ကြီးဌာနအနေဖြင့် မူပိုင်ခွင့်ကဏ္ဍတိုးတက်ရေး ဆောင်ရွက်နေမှု၊ မူပိုင်ခွင့်ဥပဒေများ အတည်ပြုပြဋ္ဌာန်းခဲ့မှု၊ သက်ဆိုင်ရာဌာနများမှ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခဲ့မှု၊ မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ ခန့်အပ်သွားမည့်အခြေအနေ၊ မူပိုင်ခွင့်အေဂျင်စီ ဖွဲ့စည်းထားရှိမှု၊ မူပိုင်ခွင့်များ လျှောက်ထားလာမှုနှင့် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံအနေဖြင့် မူပိုင်ခွင့်နှင့် ပတ်သက်၍ အနာဂတ်ကာလတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွှန့်အောင်က မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ(၂/၂၀၂၂)ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မူပိုင်ခွင့်ဆိုင်ရာအမှာစာများကို အစည်းအဝေးသို့ ဖတ်ကြားရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးရဲတင့်၊ ဒေါက်တာအောင်ကြီး၊ ဦးရင်မောင်ညွန့်၊ ဒေါက်တာဇော်မြင့်၊ ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မူပိုင်ခွင့်ဆိုင်ရာများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်(မူကြမ်း)ကို အတည်ပြုသည်။

ဆက်လက်၍ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇ (၁၂) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး တက်ရောက်

နေပြည်တော် ဇွန် ၂၁

(၁၂)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက် ၇ နာရီခွဲတွင် ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇ Virtual စနစ်ဖြင့် တက်ရောက်သည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ လူငယ်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ဦးစွာ မလေးရှားနိုင်ငံမှ Mr. YB ADAM ADLI ABD MALM က ဒေသတွင်းလူငယ်များ၏ စိတ်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ရန် "စိတ်ကျန်းမာရေး ပြဿနာများ အားလုံးနှင့်အတူ ရင်ဆိုင်ကျော်လွှား" ဆောင်ပုဒ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်း ၈၇ ဦး၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားခဲ့ကြရသည့် အသက် (၁၈)နှစ်အောက် အမျိုးသမီးငယ် ၂၄၀ နှင့် ကလေးငယ် ၂၅၀ တို့ စိတ်လူမှုဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ကာလအတွင်း စိတ်ကျန်းမာရေးနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကလေးသူငယ်များနှင့် ဆယ်ကျော်သက်လူငယ်များထံသို့ အသိပညာပေးဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအတွင်းသို့ ၂၀၂၃ ခုနှစ် မေလအတွင်းက အနောက်ဘက် ရခိုင်ကမ်းမြောင်ဒေသမှတစ်ဆင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ထိခိုက်ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်းရှိ လူငယ်များအပါအဝင် ပြည်သူများကို စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးအပ်နိုင်ရေး ပညာရှင်များနှင့် လူမှုဝန်ထမ်းသမားများကို စုစည်း၍ အဖွဲ့များ ဖွဲ့စည်းကာစေလွှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးဆက်သစ်လူငယ်များကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိသည့် လူငယ်များအဖြစ် ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့်အတူ မျှော်မှန်းထားသည့် အာဆီယံအသိုက်အဝန်းတစ်ခုကို ထူထောင်နိုင်ရန် ဆက်လက် ကြိုးပမ်းအားထုတ်သွားကြစေလိုကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပမည့် "သဟဇာတဖြစ်တဲ့ အာဆီယံ လူ့အဖွဲ့အစည်းတစ်ခုကို လူငယ်တွေရဲ့အင်အားနဲ့ ဖန်တီးဖော်ဆောင်သွားကြပါစို့" ဆောင်ပုဒ်ဖြင့် (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံအလိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံ ကိုယ်စားပြု ဝန်ကြီးများက (၁၂) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးပြောကြားကြပြီး အစည်းအဝေးနံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ ၁၂ နာရီခွဲတွင် ဆက်လက်ကျင်းပရာ အာဆီယံအပေါင်း(၃) လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇက ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၉)ကြိမ်မြောက် အာဆီယံအပေါင်း(၃) လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးကို ဗဟိုပြု၍ ဗီဒီယိုကွန်फရင့် နည်းလမ်းဖြင့် ကျင်းပခဲ့ရာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု ကြည့်ရှုအားပေး

စစ်တွေ ဇွန် ၂၁

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲ ရန်ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ အခြေခံပညာ ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း စစ်တွေမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကိုကြည့်ရှုအားပေးစဉ်။

လိုက်လံကြည့်ရှု

ဦးစွာ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ မိခါ မုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်များ ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှု ရှိ၊ မရှိ အခြေအနေ၊ ဆရာနှင့် ကျောင်းသားအချိုး မျှတမှု ရှိ၊ မရှိ အခြေအနေ၊ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှု အခြေအနေများနှင့် ဆက်လက်ပြုပြင်သွားမည့် အစီအမံများကို လိုက်လံကြည့်ရှုမေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့သွားရောက်၍ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးနိုင်ရေး စီမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးအော်ပရေတာများ၏ လူမှုအကျိုးပြုလုပ်ငန်းအနေဖြင့် ၎င်းတို့၏ မိုဘိုင်းဖုန်းအချင်းချင်း ခေါ်ဆိုမှုကို ဇွန် ၁၅ ရက်မှ ၃၁ ရက်အထိ အကန့်အသတ်မဲ့ ဖုန်းခေါ်ဆိုခွင့်၊ SMS အခမဲ့ပေးပို့ခွင့်နှင့် အင်တာနက်ဒေတာ စုစုပေါင်း (5GB) တို့ကို ဆောင်ရွက်ပေးခဲ့ပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင် အသုံးပြုရန်အတွက် အော်ပရေတာများမှ အင်တာနက်ဝန်ဆောင်မှုကို သုံးနှစ် အခမဲ့အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာ စစ်တွေပြည်သူ့ဆေးရုံကြီးနှင့် ကွန်ပျူတာတက္ကသိုလ်၌ MPT ကလည်းကောင်း၊ စစ်တွေတက္ကသိုလ်၊ စစ်တွေပြည်သူ့ဆေးရုံကြီး၊ ဗုဒ္ဓတက္ကသိုလ်နှင့် မြောက်ဦး ဓမ္မစင်တာ၌ MYTEL ကလည်းကောင်း၊ သူနာပြုသင်တန်းကျောင်းနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းတို့၌ ATOM ကလည်းကောင်း၊ စစ်တွေ နည်းပညာတက္ကသိုလ်နှင့် တိုင်းရင်းဆေးရုံကြီးတို့၌ OOREDOO ကလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ဝင်များ စစ်တွေမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ Mytel အင်တာနက်ဖိုက်ဘာကြိုးများ တပ်ဆင်နေမှုကို တွေ့ရစဉ်။

စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ MPT လှူဒါန်းသည့် အင်တာနက်စနစ်ဆက်သွယ်တပ်ဆင်နေမှုကို တွေ့ရစဉ်။

Mytel က စစ်တွေတက္ကသိုလ်သို့ အင်တာနက်ဝန်ဆောင်မှု အခမဲ့အသုံးပြုနိုင်ရန် လှူဒါန်းစဉ်။

စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်အိမ်ထောင်စုများအတွက် ATOM က သွပ်၊ သွပ်ရိုက်သံနှင့် အိမ်ဆောက်ပစ္စည်းများ လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၃) သို့ တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၁

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၃) ကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းနည်းဥပဒေအခန်း ၅ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်အရ ဗဟိုကော်မတီ၏ ပုံမှန်အစည်းအဝေးများကို တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ် ကျင်းပရန်လိုအပ်ပါကြောင်း၊ ယခုအချိန်အခါတွင် ကိုဗစ်-၁۹ ရောဂါထိန်းချုပ်လာနိုင်ပြီဖြစ်သည့်အပြင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် လာမည့်ပွင့်လင်းရာသီ ခရီးသွားကာလမရောက်မီတွင် ကြိုတင်ပြင်ဆင်သင့်သည်များကို ပြင်ဆင်နိုင်ရန် ညွှန်ကြားအစည်းအဝေးကို ကျင်းပခြင်းဖြစ်ပါကြောင်း။

လုံးဝနီးပါးရပ်တန့်သွားခဲ့

ခရီးသွားလုပ်ငန်းသည် အဓိကအားဖြင့် လူများတိုက်ရိုက် ပါဝင်နေရသည့် သဘောသဘာဝရှိသည့်အတွက် ကပ်ရောဂါဖြစ်ပွားခြင်း၊ ဘဏ္ဍာရေး အကျပ်အတည်းဖြစ်ခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်းစသည့် ပြင်ပရိုက်ခတ်မှုများကြောင့် အဟန့်အတားများဖြစ်စေသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ယင်းအချက်များ ရှိနေမည်ဆိုပါက ခရီးသွားလုပ်ငန်းသည်လည်း ကျဆင်းလာသည့် သဘောရှိပါကြောင်း၊ ထို့ကြောင့် ၂၀၂၀ပြည့်နှစ်နှင့် ၂၀၂၁ခုနှစ်တို့တွင် ကမ္ဘာတစ်ဝန်း ပျံ့နှံ့ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁۹ကပ်ရောဂါကြောင့် နိုင်ငံတကာ လေကြောင်းလိုင်းများ ရပ်နားသွားပြီး ခရီးသွားကန့်သတ်ချက်များရှိခဲ့ခြင်းကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများသည် လုံးဝနီးပါးရပ်တန့်သွားခဲ့ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁۹ရောဂါ ကူးစက်ပျံ့နှံ့မှုမတိုင်မီ ၂၀၁۹ ခုနှစ်တွင် ခရီးသည် ၄ ဒသမ ၃၆ သန်းလာရောက်ရာမှ ၂၀၂၀ပြည့်နှစ်တွင် ခရီးသည်ကိုးသိန်း၊ ၂၀၂၁ခုနှစ်တွင် တစ်သိန်းကျော်သာ ဝင်ရောက်ခဲ့ပါကြောင်း။

၂၀၂၂ ခုနှစ် ဧပြီလကစ၍ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်ပြီး ကိုဗစ်-၁۹ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံခြားသားများ ဝင်ရောက်ခွင့်ပြုခဲ့ခြင်းကြောင့် တစ်စတစ်စပြန်လည် တိုးတက်လာပြီး ၂၀၂၂ ခုနှစ်တွင် ၂ ဒသမ ၃ သိန်းကျော် ဝင်ရောက်ခဲ့ပါကြောင်း၊ သို့သော် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ စာရင်းဇယားများအရ ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ခရီးသည် ၁၁ ဒသမ ၁ သန်း၊ လာအိုနိုင်ငံသို့ တစ်သန်း၊ ကမ္ဘောဒီးယားနိုင်ငံသို့ ၂ ဒသမ ၂ သန်း၊ ဗီယက်နမ်နိုင်ငံသို့ ၃ ဒသမ ၄ သန်း အသီးသီး လာရောက်လည်ပတ်ခဲ့သည်ကိုတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနည်းတူ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ ဆောင်ရွက်ရမည်ကို မီးမောင်းထိုးပြနေပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံများကဲ့သို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ခရီးသည်များဝင်ထွက်မှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဥပမာအားဖြင့် e-Visaနှင့်ပတ်သက်၍ ဖြေလျှော့ပေးရမည့်လုပ်ငန်းများ ဖြစ်ပါကြောင်း၊ ထို့ပြင် ခရီးသွားများကို မက်လုံးပေးသည့် အစီအစဉ်များဖြစ်သည့် အထူးစျေးနှုန်းပေးအစီအစဉ်များ၊ Tax Refund ပေးခြင်းအစီအစဉ်များ စသည်တို့ကိုလည်း ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို အချိန်ကုန်သက်သာပြီး ထိရောက်မည့် Online Platform ၊ Online Marketing ဖြင့် ကြော်ငြာခြင်းများကို ယနေ့အချိန်အခါတွင် ဆောင်ရွက်၍ ရပါကြောင်း။

နောက်တစ်ချက်အနေဖြင့် ငွေလဲလှယ်နှုန်းဖြစ်ပါကြောင်း၊ မိမိတို့ဗဟိုဘဏ်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းသည် သတ်မှတ်ထားပြီး ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယင်းမူဝါဒအတိုင်းသာ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြည်ပဘဏ်မှ လွှဲသည့်ငွေများနှင့်ပတ်သက်၍လည်း ယင်းမူဝါဒအတိုင်းသာ ဆောင်ရွက်ရပါကြောင်း။

နိုင်ငံတကာမီဒီယာသိရှိရန်

ထို့အတူ နိုင်ငံခြားတွင် အသုံးပြုသည့် Master Card နှင့် Visa Card များကို နေရာတိုင်းတွင် သုံးစွဲခွင့်ရရန်လိုအပ်သည်ကို သုံးသပ်ရပါကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်းများကို နိုင်ငံတကာ မီဒီယာများမှ သိရှိစေရန်အတွက် များစွာလိုအပ်နေသေးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာမီဒီယာသိရှိစေရန်အတွက် ခရီးသွားလုပ်ငန်း ပြပွဲများ၊ ကုန်စည်ပြပွဲများ မိမိတို့နိုင်ငံတွင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် လုပ်ဆောင်နေသည့် ခရီးသွားလုပ်ငန်းပြပွဲများသို့ အရောက်သွား၍ မိမိတို့ နိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်ပြီး နိုင်ငံတကာက သိရှိစေရန် ဆောင်ရွက်ပေးရန်လိုအပ်သည့်အပြင် နိုင်ငံတကာစျေးကွက်ရှာဖွေပေးသည့် အေဂျင်စီများဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ။

ခရီးသွားလုပ်ငန်း၏ အဓိကလုပ်ငန်းတစ်ရပ်သည် ဘေးကင်းလုံခြုံမှုရှိရန်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ လုံခြုံရေးအရ မသွားသင့်သည့် နေရာ၊ သွားသင့်သည့်နေရာများကို ထုတ်ပြန်ပေးထားပါကြောင်း၊ နောက်ပိုင်းတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရ ဖြေလျှော့ပေး၍ ရမည့်နေရာများကို အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှူဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဗဟိုကော်မတီ (၂/၂၀၂၂)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေ၊ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ခြောက်ခုတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ အစားထိုးပြင်ဆင် ဖွဲ့စည်းမှုအခြေအနေများနှင့် ကြိုတင်ခွင့်ပြုချက်နှင့် လိုင်စင်လျှောက်ထားမှုများ၌ တင်ပြရသည့် အထောက်အထားများ ဖြေလျှော့ပေးနိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

တောင်ငူမြို့၌ မြစ်၊ ချောင်း၊ သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

တောင်ငူ ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီခွဲက တောင်ငူမြို့ အမှတ် (၂၂)ရပ်ကွက် စစ်တောင်းမြစ် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုး၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်ဦးနှင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက တောင်ငူမြို့ စစ်တောင်းမြစ် သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်း နှစ်လက်မအရွယ် ငါးမျိုးပေါက် ကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကြီး နှစ်လက်မအရွယ် ငါးမျိုးပေါက်ကောင်ရေ ၁၀၀၀၀၀ ၊ ရွှေဝါငါးကြင်း နှစ်လက်မအရွယ် ငါးမျိုးပေါက် ကောင်ရေ ၁၅၀၀၀၀ စုစုပေါင်း ငါးမျိုးပေါက်ကောင်ရေ ၃၀၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန် /ဆက်)

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ

တွေ့ဆုံမေးမြန်း- ဝင်းဝင်း

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center– DMC) သည် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာနဖြစ်သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါလုပ်ငန်းကော်မတီများသည် DMC တွင် စုဖွဲ့.ကာ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းကော်မတီ ၁၂ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်–

မေး။ ။ မိုခါမုန်တိုင်း မဖြစ်ပွားမီ ကျန်းမာရေးကဏ္ဍအနေနဲ့ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုတွေကို ပြောပြပေးစေလိုပါတယ်ရှင့်။

ဖြေ။ ။ ကျန်းမာရေးဝန်ကြီးဌာနက မိုးတွင်းကာလ နီးလာပြီဆိုရင် မိုးတွင်းကာလမှာ ဖြစ်ပေါ်နိုင်တဲ့ သဘာဝ ဘေးအန္တရာယ်တွေအတွက် ကျန်းမာရေးကဏ္ဍဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း၊ သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပွားလာပါက တုံ့ပြန်ဆောင်ရွက်ခြင်းနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နိုင်ဖို့ကြိုတင်ပြင်ဆင်လေ့ရှိပါတယ်။

ယခုနှစ်မိုးရာသီအတွက် ကြိုတင်ပြင်ဆင်ခြင်းအနေနဲ့ ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ် ဧပြီလ ၂၇ ရက်နေ့မှာ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဦးစီးဌာနအသီးသီးက ကော်မတီဝင်တွေပါဝင်ပြီး သဘာဝဘေးအန္တရာယ်တွေ ကျရောက်လာရင် အဆင်သင့်ဖြစ်စေရေး စွမ်းအားစုတွေကို ဆန်းစစ်ပြီး လိုအပ်တာတွေကို အသင့်ပြင်ဆင်ထားရှိဖို့၊ အရေးပေါ်ဆက်သွယ်မှုလမ်းကြောင်း ဖွင့်လှစ်ထားရှိဖို့၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုတွေကို တုံ့ဆိုင်းမှုမရှိ ဆောင်ရွက်နိုင်ဖို့ ဇာတ်တိုက်လေ့ကျင့်မှုတွေကို စဉ်ဆက်မပြတ် လေ့ကျင့်ထားဖို့၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ နှီးနွယ်ဌာနတွေ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ Coordination Mechanism ကို ခိုင်မာအောင် ဆောင်ရွက်နိုင်ရေးကို ဆွေးနွေးခဲ့ပါတယ်။

ဧပြီလအတွင်းမှာပဲ သဘာဝဘေးနဲ့ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေဖြစ်ပွားလာရင် ကူးစက်ရောဂါဖြစ်ပွားမှုအပါအဝင် လိုအပ်တဲ့ကျန်းမာရေး သတင်းအချက်အလက်တွေကို စောစောစီးစီးရယူနိုင်ဖို့နဲ့ တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ တိုင်းဒေသကြီး/ပြည်နယ်တွေက ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် Early Warning, Alert and Response System(EWARS) (စောစီးစွာသတင်းရယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းစနစ်) သင်တန်းကို ဖွင့်လှစ်ပြီး သင်ကြားပို့ချခဲ့ပါတယ်။

နောက်ပြီး သဘာဝဘေးအန္တရာယ်ကြိုတင် ပြင်ဆင်နိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍအနေနဲ့ မေလ ၅ ရက်နေ့မှာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ ကုသရေးဦးစီးဌာနတွေက တာဝန်ရှိသူတွေနဲ့ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုတွေ၊ အသင့်အနေအထားအခြေအနေအတွက် လိုအပ်တာတွေကို ပြည်နယ်တစ်ခုချင်း၊ တိုင်းဒေသကြီးတစ်ခုချင်း အလိုက် အသေးစိတ်လမ်းညွှန်တဲ့ ညှိနှိုင်းအစည်းအဝေး ဆောင်ရွက်ခဲ့ပါတယ်။

မိုခါမုန်တိုင်း ဝင်ရောက်မှာကို သိရတဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မေလ ၇ ရက်နေ့ကစပြီး ကျန်းမာရေးဝန်ကြီးဌာနမှာ ပြည်သူ့ကျန်းမာရေး အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာန (Public Health Emergency Operations Centre– PHEOC) ကို ၂၄ နာရီဖွင့်လှစ်ပြီး တာဝန်ချထားခဲ့ပါတယ်။ မိုခါမုန်တိုင်းဖြစ်ပွားပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှုတွေ ရပ်တန့်မှုမရှိဘဲ ချက်ချင်းဆောင်ရွက်ပေးနိုင်ဖို့ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်၊ ဆေးနဲ့ ဆေးပစ္စည်း၊ ကျန်းမာရေးဆိုင်ရာ စက်ပစ္စည်းကိရိယာ စတာတွေနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုအနေနဲ့ စီမံခန့်ခွဲမှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း

မေး။ ။ ရခိုင်ပြည်နယ်မှာ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ဖို့ ပြင်ဆင်ထားရှိမှုကို သိလိုပါတယ်။

ဖြေ။ ။ အရေးပေါ် စီမံခန့်ခွဲမှုဗဟိုဌာန (PHEOC) ကို စတင် Activate လုပ်တဲ့ မေလ ၇ ရက်နေ့မှာပဲ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ် ပြည်သူ့ကျန်းမာရေးနဲ့ ကုသရေးဦးစီးဌာနမှူးတွေနဲ့ အရေးပေါ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ သဘာဝဘေးဖြစ်ပွားလာပါက ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး အထူးကုဆေးအဖွဲ့တွေ၊ ဆေးအဖွဲ့တွေ၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တွေ ကြိုတင်ဖွဲ့စည်းထားရှိမှု၊ ဆေးနဲ့ ဆေးပစ္စည်းတွေကို ဘေးကင်းရာနေရာကို ကြိုတင်ပို့ဆောင်ထားရှိမှု၊ ကျန်းမာရေးဌာနအဆောက်အအုံတွေ၊ ဆေးရုံသုံးစက်ပစ္စည်းတွေ၊ ဆေးနဲ့ဆေးပစ္စည်းတွေ ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေး ကြိုတင်ပြင်ဆင်ထားရှိမှုတွေကို ဆွေးနွေးခဲ့ပါတယ်။ လူနာတွေ၊ ဝန်ထမ်းတွေ၊ သူနာပြုသားဖွား သင်တန်းကျောင်းတွေက သင်တန်းသား၊ သင်တန်းသူတွေကို ဘေးလွတ်ရာ ကြိုတင်ရွှေ့ပြောင်းထားဖို့၊ မုန်တိုင်းကျရောက်ပြီး ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေကို အမြန်ဆုံး ပြန်လည်စတင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိဖို့နဲ့ လိုအပ်နိုင်တဲ့ ဆေးတွေ ကြိုတင်ဝယ်ယူထားဖို့ စတာတွေကို ဆွေးနွေးမှာကြားခဲ့ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး ဗဟိုအဖွဲ့နဲ့ နံနက်ပိုင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတွေ ပါဝင်ကာ ညနေပိုင်း နေ့စဉ်အစည်းအဝေးတွေ ပြုလုပ်ပြီး မိုခါမုန်တိုင်းဖြစ်ပွားလာရင် ကျန်းမာရေးကဏ္ဍက မြေပြင်မှာ အမှန်တကယ် အဆင်သင့်ဖြစ်စေဖို့ ဆွေးနွေးဆောင်ရွက်ခဲ့ကြပါတယ်။

အထူးသဖြင့် မေလ ၁၀ ရက်နေ့မှ ၁၃ ရက်နေ့အထိမှာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း မြို့နယ်တွေက ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူးတွေနဲ့ virtual စနစ်နဲ့ တွေ့ဆုံပြီး မုန်တိုင်းမကျရောက်မီ ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်ရမယ့် လုပ်ငန်းစဉ်တွေကို အသေးစိတ်ဆွေးနွေးပြီး ဆောင်ရွက်ရမယ့်လုပ်ငန်း၊ လိုအပ်တဲ့ အရင်းအမြစ်၊ ဆေးနဲ့ဆေးပစ္စည်း၊ ရန်ပုံငွေ စတာတွေကို ဖြည့်ဆည်းကာ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သုံးသပ်ပြီး လိုအပ်တာတွေကို လမ်းညွှန်မှာကြားခဲ့ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မုန်တိုင်းအတွက် မြန်မာနိုင်ငံကြက်ခြေနီ အသင်းက ကျန်းမာရေးဝန်ကြီးဌာနကို လာရောက်ပြီး မုန်တိုင်းအတွက် ပူးပေါင်းဆောင်ရွက်ရမယ့်အရာတွေကို ဆွေးနွေးခဲ့ကြပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က လည်း မုန်တိုင်းအတွက် လိုအပ်တဲ့ဆေးနဲ့ဆေးပစ္စည်းတွေကို ကူညီပံ့ပိုးကြပါတယ်။

ဆေးတက္ကသိုလ်တွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တွေက အထူးကုဆရာဝန်တွေ ပါဝင်တဲ့ ဆေးအဖွဲ့ ၁၈ ဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်တွေက ဆရာဝန်တွေ ခေါင်းဆောင်တဲ့ဆေးကုသရေးအဖွဲ့ ၁၁ ဖွဲ့၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများ အသင်းမှ ဆေးကုသရေးအဖွဲ့ ၁၆ ဖွဲ့၊ စိတ်ကျန်းမာရေးအထူးကုအဖွဲ့ လေးဖွဲ့နဲ့ မျက်စိအထူးကုဆေးအဖွဲ့ လေးဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွေက ဆရာဝန်သို့မဟုတ် ကျန်းမာရေးမှူး ဦးဆောင်တဲ့ RRT အဖွဲ့ပေါင်း ၄၆ ဖွဲ့နဲ့ ဗဟိုမှ RRT ရှစ်ဖွဲ့ စုစုပေါင်း ၅၄ ဖွဲ့တို့ကို အဆင်သင့်ဖွဲ့စည်းပြီး မုန်တိုင်းသင့်ဒေသတွေကို စေလွှတ်နိုင်မယ့် အစီအစဉ်တွေ အလှည့်ကျအချိန်ဇယား ကြိုတင်ရေးဆွဲထားခဲ့ပါတယ်။

အနောက်တိုင်း ဆေးပညာအပြင် တိုင်းရင်းဆေးပညာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ Mobile Team တွေ ဖွဲ့စည်းထားရှိခဲ့ပါတယ်။ ဗဟိုက ပြည်သူ့ကျန်းမာရေးအထူးပြုတွေ ပါဝင်တဲ့အဖွဲ့ကို ကြိုတင်စေလွှတ်ထားခဲ့တဲ့ အပြင် ဆေးတက္ကသိုလ်–၁ (ရန်ကုန်) နဲ့ ဆေးတက္ကသိုလ်–၂ (ရန်ကုန်) တို့က အထူးကုဆရာဝန်တွေပါဝင်တဲ့ ဆေးအဖွဲ့နှစ်ဖွဲ့ကို ပြည်သူ့ဆေးရုံကြီး–စစ်တွေမြို့၊ ပြည်သူ့ဆေးရုံကြီး–ပြည်မြို့နဲ့ ဆေးတက္ကသိုလ်–မကွေးက အထူးကုတွေ ပါဝင်တဲ့ ဆေးအဖွဲ့တစ်ဖွဲ့ကို ပြည်သူ့ဆေးရုံကြီး ကျောက်ဖြူမြို့ကို ကြိုတင်စေလွှတ်ထားခဲ့ပါတယ်။

မုန်တိုင်းအန္တရာယ်ကျရောက်နိုင်ခြေရှိတဲ့ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ချင်းပြည်နယ်တို့မှာ ဆေးနဲ့ ဆေးပစ္စည်းတွေ ကြိုတင်ပို့ဆောင်ထားရှိပါတယ်။ Disaster Kits၊ IHEK Kits၊ Hygiene Kits၊ ရေသန့်ဆေးပြား၊ ဓာတ်ဆားထုပ်၊ ဗီတာမင်အားဆေး၊ Life straw community water filter၊ အသက်ကယ်အင်္ကျီ၊ Emergency Light နဲ့ အိမ်သာခွက်နဲ့ **စာမျက်နှာ ၇ သို့ ↓**

✣ စာမျက်နှာ ၆ မှ

အိမ်သာပိုက် အစရှိတာတွေကို ရခိုင်ပြည်နယ်ကို မုန်တိုင်းမတိုက်ခင်မီကပင် ကြိုတင်ပို့ဆောင်ထားရှိခဲ့ပါတယ်။

အရေးပေါ်ဆေးဝါးတွေ ပါဝင်တဲ့ မြို့နယ်နဲ့ တိုက်နယ်ဆေးရုံသုံး Emergency Medicine Kit တွေ၊ Trauma Kit တွေကို သက်ဆိုင်ရာ ဆေးရုံတွေအလိုက် ကြိုတင်ပြင်ဆင်ထားရှိခဲ့တဲ့အပြင် အထူးကုဆေးအဖွဲ့တွေ ကွင်းဆင်းရာမှာ အသုံးပြုနိုင်မယ့် ဆေးဝါးတွေပါဝင်တဲ့ Tour Kit တွေ၊ အရေးပေါ် တုံ့ပြန်ရေးအဖွဲ့တွေအတွက် Disaster Kit တွေကိုလည်း တစ်ပါတည်း အဆင်သင့်ပြင်ဆင်ထားပြီး ပို့ဆောင်ခြင်း၊ အရန်စုဆောင်းထားရှိခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

စက်သုံးဆီ ကြိုတင်စုဆောင်းစေတာ၊ အသုံးပြုနိုင်မယ့် အုပ်ချုပ်မှုယာဉ်၊ လူနာတင်ယာဉ်စာရင်း ကြိုတင်စုဆောင်းကောက်ခံပြီး Mobilize လုပ်နိုင်အောင် စီစဉ်ဆောင်ရွက်တာတွေကို မုန်တိုင်းမတိုက်ခင်မီ ဆောင်ရွက်ခဲ့ကြပါတယ်။

အဆောက်အအုံတွေရဲ့ ခံနိုင်ရည်ရှိမှု ပေါ်မူတည်ပြီး အဆင့်သုံးဆင့်ခွဲကာ အန္တရာယ်ရှိတဲ့ အသင့်အတင့်အဆောက်အအုံတွေက လူနာတွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို စိတ်ချရတဲ့နေရာကို ရွှေ့ပြောင်းစေတာ၊ ဆေးရုံနဲ့ ကျန်းမာရေးဌာနအဆောက်အအုံတွေ ပျက်စီးမှုမရှိစေရေးနဲ့ နည်းပါးစေရေးအတွက် ထိခိုက်နိုင်တဲ့ သစ်ပင်သစ်ကိုင်းတွေ ခုတ်ထွင်ရှင်းလင်းတာတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနတွေမှာ ဆေးနဲ့ ဆေးပစ္စည်းတွေ၊ စက်ပစ္စည်းတွေ (CT Scan၊ X-ray၊ Ultra-sound စသည်)၊ မော်တော်ယာဉ်တွေ၊ ဓာတ်ခွဲခန်းသုံးယာဉ် စသည်တို့ကို မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုမရှိစေရေးအတွက် ကြိုတင်ရွှေ့ပြောင်းမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုကြိုတင်ပြင်ဆင်မှုတွေ အားကောင်းခဲ့တဲ့အတွက် ကျန်းမာရေးဝန်ထမ်းတွေ ထိခိုက်သေဆုံးမှု မရှိခဲ့ပါဘူး။ ဆေးနဲ့ဆေးပစ္စည်းတွေ၊ ဆေးရုံသုံးစက်ပစ္စည်းတွေ၊ ကာကွယ်ဆေးတွေလည်း ပျက်စီးဆုံးရှုံးမှု မရှိခဲ့ပါဘူး။ ကျန်းမာရေးလုပ်ငန်းတွေကို ရပ်တန့်မှု မရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပေးနိုင်ခဲ့ပါတယ်။

အမျိုးသား သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ ဒုတိယဥက္ကဋ္ဌ (၂) တို့ဦးဆောင်ပြီး သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ မေလ ၈ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီကိုယ်စားအတွင်းရေးမှူးက အခြားကော်မတီတွေနဲ့ပူးပေါင်းပြီး နေ့စဉ်လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ခဲ့တာ ယနေ့အထိဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေ အစီရင်ခံတင်ပြတာ၊ အခြားကော်မတီတွေနဲ့ ညှိနှိုင်းပြီး လုပ်ငန်းတွေဆောင်ရွက်တာ၊ အထူးသဖြင့် ဆေးနဲ့ ဆေးပစ္စည်းတွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ရခိုင်ပြည်နယ်ကို တပ်မတော်လေယာဉ်တွေ၊ ပြည်တွင်းလေကြောင်းလိုင်းတွေ၊ ရေယာဉ်တွေနဲ့ ပို့ဆောင်တာတွေ၊ မုန်တိုင်းအန္တရာယ်ကြောင့် ကျန်းမာရေးကဏ္ဍ ပျက်စီးဆုံးရှုံးမှုစာရင်းတွေကို ကောက်ယူတာ၊ တင်ပြတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ ဒီလိုကြိုတင်ပြင်ဆင်ရာမှာ ဝန်ထမ်းတွေနဲ့ လူနာတွေအတွက် စားနပ်ရိက္ခာနဲ့ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ဘယ်လို ဆောင်ရွက်ထားရှိတယ် ဆိုတာလည်း သိရှိလိုပါတယ်။

ဖြေ။ ။ ဝန်ထမ်းတွေနဲ့ လူနာတွေ အတွက် ရိက္ခာနဲ့ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် အနည်းဆုံး နှစ်ပတ်စာသောက်ရေသန့်တွေ ကြိုတင်ဝယ်ယူထားခြင်း၊ သုံးရေကြိုတင်စုဆောင်းထားခြင်းနဲ့ ကော်ဖီထုပ်၊ ခေါက်ဆွဲခြောက်၊ မုန့်၊ စတဲ့ စားသောက်စရာ ရိက္ခာတွေ ကြိုတင်ဝယ်ယူစုဆောင်းခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် အခြားလိုအပ်ချက်တွေရှိခဲ့ရင် ဖြည့်ဆည်းပေးနိုင်ဖို့ ရခိုင်ပြည်နယ်နဲ့ မြို့နယ်တွေကို နိုင်ငံတော်ရန်ပုံငွေ ထပ်မံချထားပေးခဲ့တဲ့အတွက် စားရေရိက္ခာနဲ့ အခြားလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မေး။ ။ မုန်တိုင်း တိုက်ခတ်ပြီး ပြန်လည် ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်ထားရှိမှုကိုလည်း သိရှိလိုပါတယ်။

ဖြေ။ ။ ကျန်းမာရေးကဏ္ဍအနေနဲ့ မုန်တိုင်း တိုက်ခတ်ပြီးနောက် တုံ့ပြန်ဆောင်ရွက်ခြင်းနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို တစ်ပြိုင်နက် ဆောင်ရွက်လျက်ရှိရာမှာ ဆေးကုသမှုပေးခြင်းအပါအဝင် ကျန်းမာရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မှု၊ ကူးစက်ရောဂါ မဖြစ်အောင် ကာကွယ်ထိန်းချုပ်နိုင်မှု၊ ကိုဗစ်ရောဂါ ဓာတ်ခွဲစစ်ဆေးပေးနိုင်မှု၊ ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးနိုင်မှု၊ ကျောင်းကျန်းမာရေးဆောင်ရွက်နိုင်မှု၊ ပျက်စီးမှုတွေအတွက် ပြန်လည် ပြင်ဆင်နိုင်မှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။

မုန်တိုင်း တိုက်ခတ်ပြီးတဲ့နောက် ကျန်းမာရေးကဏ္ဍအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ရပ်တန့်သွားမှုမရှိစေဘဲ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မုန်တိုင်းပြီးပြီးချင်းမှာပဲ ကြိုတင်စေလွှတ်ထားတဲ့ အထူးကုဆေးအဖွဲ့တွေ အနေနဲ့ ဒေသခံကျန်းမာရေးဝန်ထမ်းတွေနဲ့အတူ မုန်တိုင်းသင့်ဒေသတွေ ဖြစ်တဲ့ စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်မှာ ဆေးကုသမှုတွေကို ပါဝင်ဆောင်ရွက်ပေးနိုင်သလို ပြည်သူ့ကျန်းမာရေးအထူးပြု ဗဟိုအားဖြည့်အဖွဲ့ကလည်း ကာကွယ်ဆေးတွေ ထားသိုနေရာမှာ လျှပ်စစ်မီး အဆက်မပြတ်ရရှိစေဖို့အပါအဝင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့ကြပါတယ်။

ဒါ့အပြင် ဆေးတက္ကသိုလ်တွေက ကြိုတင်ဖွဲ့စည်းထားတဲ့ အထူးကုဆေးအဖွဲ့၊ မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများ အသင်းက ဆေးအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်တွေက အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တွေကို ရခိုင်ပြည်နယ်ကို အလှည့်ကျစေလွှတ်ကာ နယ်မြေခံ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြေပုံမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်နဲ့ မောင်တောမြို့နယ်တွေမှာ ဆေးကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ ဒေသခံပြည်သူတွေကို ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရေသန့်ဆေးပြားများ ဖြန့်ဝေပေးခြင်း၊ ရေတွင်း၊ ရေကန်တွေကို ကလိုရင်းဆေးခတ်ခြင်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးက စေလွှတ်ထားတဲ့ မျက်စိအထူးကုဆေးအဖွဲ့ကလည်း စစ်တွေမြို့မှာ မျက်စိကျန်းမာရေးစောင့်ရှောက်မှုနဲ့ မျက်စိခွဲစိတ်ကုသမှုတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကာကွယ်ဆေးတွေ အအေးလမ်းကြောင်းမပျက် ထိန်းသိမ်းနိုင်မှု ဆန်းစစ်ဖို့နဲ့ အအေးလမ်းကြောင်းထိန်းသိမ်းတဲ့ ရေခဲသေတ္တာနဲ့ဆက်စပ်ပစ္စည်းတွေ ပျက်စီးမှုကို ဆန်းစစ်ပြီး လိုအပ်ပါက ချက်ချင်းအစားထိုး လဲလှယ်တပ်ဆင်ပေးနိုင်ဖို့အတွက် အင်ဂျင်နီယာအဖွဲ့ကို မုန်တိုင်းတိုက်ခတ်ပြီး ၄၈ နာရီအတွင်း တပ်မတော်လေယာဉ်နဲ့ ပို့ဆောင်ပေးနိုင်ခဲ့ပြီး လုပ်ငန်းတွေကို စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အအေးလမ်းကြောင်းထိန်းသိမ်းတဲ့ ရေခဲသေတ္တာနဲ့ ဆက်စပ်ပစ္စည်းတွေ ပျက်စီးမှုရှိခဲ့ရင် အစားထိုးလဲလှယ်တပ်ဆင်နိုင်ဖို့ အအေးလမ်းကြောင်းထိန်းသိမ်းတဲ့ ရေခဲသေတ္တာနဲ့ ဆက်စပ်ပစ္စည်းတွေကို ရန်ကုန်မှ စစ်တွေမြို့ကို ရေယာဉ်တွေနဲ့ သယ်ဆောင်ပေးတဲ့အတွက် စစ်တွေမြို့ကို ရောက်ရှိနေပြီဖြစ်ပါတယ်။

မိုခါမုန်တိုင်း တိုက်ခတ်ပြီးနောက်ရက်မှာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မုန်တိုင်းဒဏ်သင့် စစ်တွေမြို့နယ်အပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်တွေကို သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရေးနဲ့ ပျက်စီးသွားတဲ့ဆေးရုံနဲ့ ကျန်းမာရေးဌာန၊ ဝန်ထမ်းအိမ်ရာတွေကို အမြန်ဆုံးပြုပြင်နိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နဲ့အဖွဲ့က ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသတွေမှာ ကျန်းမာရေးကဏ္ဍဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်တာတွေကို ဖြည့်ဆည်းပေးခြင်း၊ ဝန်ကြီးဌာနကို အချိန်နဲ့တစ်ပြေးညီ တင်ပြဆောင်ရွက်ခြင်းနဲ့ စစ်တွေပြည်သူ့ဆေးရုံကြီး အပါအဝင် ဆေးရုံတွေ စဉ်ဆက်မပြတ် ပုံမှန်ပြန်လည် လည်ပတ်စေရေးအတွက် ကြီးကြပ်လျက်ရှိတဲ့အပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနဲ့ မြန်မာနိုင်ငံ ကျန်းမာရေးမှူးများအသင်းတို့က ဆေးအဖွဲ့တွေက ဆေးကုသခြင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေမှာ ပါဝင်ကူညီ အားဖြည့်ဆောင်ရွက်ခြင်းတို့အတွက် စီစဉ်ဆောင်ရွက်နေပါတယ်။

ဆေးရုံတွေမှာ စက်ပစ္စည်းတွေ ပျက်စီးမှုရှိပါက ပြင်ဆင်နိုင်ဖို့အတွက် အင်ဂျင်နီယာတွေကို စေလွှတ်ပြင်ဆင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် စစ်တွေပြည်သူ့ဆေးရုံကြီးမှာ လျှပ်စစ်မီး ပုံမှန်ရရှိပြီး မီးစက်တွေ လည်ပတ်နိုင်တဲ့အပြင် 64 slice CT scan လည်း ပြုပြင်ပြီး ပြန်လည်အသုံးပြုလျက်ရှိပါတယ်။ မြောက်ဦးမြို့နယ် ပြည်သူ့ဆေးရုံရဲ့ ဓာတ်မှန်စက်ကိုလည်း ပြုပြင်ပြီး အသုံးပြုနိုင်ပြီ ဖြစ်ပါတယ်။

မုန်တိုင်းတိုက်ခတ်ပြီးနောက် ထပ်မံလိုအပ်တာမရှိစေဖို့ ဆေးနဲ့ဆေးပစ္စည်းတွေကို စာမျက်နှာ ၈ သို့

> **“ ဆေးတက္ကသိုလ်တွေက ကြိုတင်ဖွဲ့စည်းထားတဲ့ အထူးကုဆေးအဖွဲ့၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများ အသင်းက ဆေးအဖွဲ့၊ တိုင်းဒေသကြီး / ပြည်နယ်တွေက အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တွေကို ရခိုင်ပြည်နယ်ကို အလှည့်ကျစေလွှတ်ကာ နယ်မြေခံ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြေပုံမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်နဲ့ မောင်တောမြို့နယ်တွေမှာ ဆေးကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ ဒေသခံပြည်သူတွေကို ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရေသန့်ဆေးပြားများ ဖြန့်ဝေပေးခြင်း၊ ရေတွင်း၊ ရေကန်တွေကို ကလိုရင်းဆေးခတ်ခြင်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိ ”**

ပြည်သူ့အလုပ်သမားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၃၁ / ၂၀၂၃)
၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၄ ရက်
(၂၀၂၃ ခုနှစ် ၊ ဇွန်လ ၂၁ ရက်)

ပြည်သူ့အလုပ်သမားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ တော်ဝင်အိမ်ရာ၊ အခန်း (၂၅)၊ တိုက် (၈)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့အလုပ်သမားပါတီ**ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ပြည်သူ့အလုပ်သမားပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၂၆) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၃၂ / ၂၀၂၃)
၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၄ ရက်
(၂၀၂၃ ခုနှစ် ၊ ဇွန်လ ၂၁ ရက်)

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ (၁၀)ရပ်ကွက်၊ မြို့တော်(၂)လမ်း၊ အမှတ် (စီ/၁၀)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party) ၏ မှတ်ပုံတင်အမှတ်မှာ (၂၇) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တိရစ္ဆာန်အစာပင် သရုပ်ပြစိုက်ခင်းအား ကွင်းဆင်းကြည့်ရှု

ဘားအံ ဇွန် ၂၁

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် မိုးရာသီ တိရစ္ဆာန်အစာပင်စိုက်ပျိုးရေး သရုပ်ပြစိုက်ခင်းကို ကော့ကျိုက်ကျေးရွာရှိ တောင်သူစောသိန်းဝင်း၏ လယ်မြေ ၁ ဒသမ ၅ ဧကဌ် စိုက်ပျိုးထားရှိရာ ဇွန် ၂၀ ရက် နံနက်ပိုင်းက ပြည်နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ မိုးရာသီတိရစ္ဆာန်အစာပင် သရုပ်ပြစိုက်ခင်းတွင် မွန်ဘားဆားနှင့် ရူဇီမြက်မျိုးများကို စိုက်ပျိုးထားရှိပြီး ယခုကဲ့သို့ တိရစ္ဆာန်အစာပင်များ စိုက်ပျိုးခြင်းဖြင့် တိရစ္ဆာန်လွတ်ကျောင်းစနစ်မှ လှောင်မွေးစနစ် ပိုမိုဖွံ့ဖြိုးလာစေရန်၊ အစာအာဟာရ ကြွယ်ဝသော မြက်မျိုးများ စိုက်ပျိုးကျွေးမွေးခြင်းဖြင့် ကျွဲ၊ နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်းများတွင် အသားအထွက်နှုန်းကောင်းစေရန်၊ တိရစ္ဆာန်အစာရှားပါးမှု ပြဿနာများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်စေရန်နှင့် မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်စိုက်ပျိုးရခြင်းဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဘားအံမြို့နယ်ဦးစီးမှူး ဒေါက်တာ စောဖောင်ဟိက ရှင်းလင်းပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

ဘဂ်လားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇွန် ၂၁

ကပွလီပင်လယ်ပြင်နှင့် ဘဂ်လားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘဂ်လားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

မိုး/ဧလ

✪ စာမျက်နှာ ၇ မှ

တပ်မတော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အကူအညီနဲ့ ရေယာဉ်၊ လေယာဉ်တွေနဲ့ မုန်တိုင်းသင့် ရခိုင်ပြည်နယ်ကို အမြန်ဆုံးပို့ဆောင်နိုင်ခဲ့ပါတယ်။

မုန်တိုင်းမတိုင်မီ ကြိုတင်ပြင်ဆင်မှု အားကောင်းခဲ့တာကြောင့် မုန်တိုင်းပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေကို ချက်ချင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဥပမာအားဖြင့် မုန်တိုင်းတိုက်ခတ်တဲ့နေ့ ည ၁၀ နာရီမှာ ပြည်သူ့ဆေးရုံ ပေါက်တောမြို့မှာ ရိုးရိုးမွေးလူနာ ကလေးမွေးဖွားနိုင်ခဲ့ပြီး မနက် ၁ နာရီမှာ အရေးပေါ်ခွဲစိတ်မွေးဖွားမှုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စစ်တွေပြည်သူ့ဆေးရုံကြီးမှာ အသက်အန္တရာယ်ရှိတဲ့ သားအိမ်ပြင်ပသန္ဓေတည်လူနာ(ectopic pregnancy) အရေးပေါ်ခွဲစိတ်တာကို မေလ ၁၇ ရက်နေ့ ညနေပိုင်းမှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကင်ဆာဆေးကုဆောင်က Day Care Center ကို မေလ ၁၈ ရက်နေ့မှာ စတင်ဖွင့်လှစ်ပြီး ကုသမှုပေးနေပြီဖြစ်တဲ့အပြင် ကျောက်ကပ်သန့်စင်တာကို မေလ ၁၅ ရက်နေ့မှာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ဆေးရုံ/ ကျန်းမာရေးဌာနပျက်စီးဆုံးရှုံးမှုတွေကို ကွင်းဆင်းစိစစ်ပြီး အမြန်ဆုံး ပြုပြင်တည်ဆောက်နိုင်ရေးအတွက် ကုသရေးဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)နဲ့ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က အင်ဂျင်နီယာတွေပါဝင်တဲ့ အဖွဲ့တွေကို စေလွှတ်ထားရှိပါတယ်။ လိုအပ်တဲ့ဆောက်လုပ်ရေးပစ္စည်းတွေကို ရေယာဉ်တွေနဲ့ အချိန်နဲ့တစ်ပြေးညီ ပေးပို့လျက်ရှိရာ သွပ်အချပ်ရေ ၂၂၈၀၀ ချပ်၊ ခေါင်အုတ်သွပ်နဲ့ သွပ်ရိုက်သံတို့ကို ပေးပို့ခဲ့ပါတယ်။

အခုလို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ၊ တံခွန်ဆောင်ရွက်ခြင်းလုပ်ငန်းတွေနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို တစ်ပြိုင်တည်းစနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တာကလည်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မေလ ၃၀ ရက်နေ့မှာ ရခိုင်ပြည်နယ် မြို့နယ်တွေက ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူးတွေနဲ့ virtual တွေ့ဆုံပြီး လူနာတွေကို ဆေးရုံတွေမှာ ကျန်းမာရေး ပြုစုစောင့်ရှောက်နိုင်ဖို့၊ ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှုတွေကို ဆက်လက် ဆောင်ရွက်သွားနိုင်ဖို့၊ ပြည်သူ့ကျန်းမာရေးနဲ့ ရောဂါကာကွယ်ထိန်းချုပ်နိုင်မှုတွေကို ဆက်လက်ထိန်းချုပ်ထားနိုင်ဖို့နဲ့ အဆောက်အအုံပြန်လည်ပြင်ဆင်ခြင်းတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို တိတိကျကျ လမ်းညွှန်မှာကြားခဲ့တာကြောင့်ဖြစ်ပါတယ်။

မေး။ ။ လူနာတွေကို ပြုစုကုသမှု ပေးနိုင်တဲ့ အခြေအနေ၊ ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးမှုနဲ့ ကိုဗစ်ရောဂါ ကာကွယ်ဆေးအပါအဝင် ပုံမှန်ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းစတဲ့ ပြည်သူ့ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုတွေကိုလည်း သိရှိလိုပါတယ်။

ဖြေ။ ။ လက်ရှိမှာ ရခိုင်ပြည်နယ် အတွင်းမှာရှိတဲ့ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံတွေမှာ ဆေးရုံလုပ်ငန်းတွေ ပုံမှန်လည်ပတ်လျက်ရှိပြီး ခွဲစိတ်ကုသမှုလုပ်ငန်း၊ ပြင်ပလူနာ၊ အတွင်းလူနာတွေကို လက်ခံကုသပေးတာတွေကို ပုံမှန်အတိုင်း ဆောင်ရွက်ပေးနေတာမှာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံနဲ့ တိုက်နယ်ဆေးရုံ ၅၉ ရုံမှာ မေလ ၁၆ ရက်နေ့မှ ဇွန်လ ၇ ရက်နေ့အထိ ပြင်ပလူနာအဖြစ် ၁၃၈၅၂ ဦး၊ နေ့စဉ်အတွင်းလူနာ ပျမ်းမျှ ၁၀၀၀ ကျော်ကို ကုသမှုတွေ ဆောင်ရွက်ပေးခဲ့ပြီး ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုအဖြစ် ၇၃၂၇ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှု စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအနေနဲ့ ဆေးရုံလုပ်ငန်း ရပ်တန့်မှုမရှိအောင် စီမံဆောင်ရွက်ခဲ့တာကြောင့် ရခိုင်ပြည်နယ်မှာ မေလ ၁၅ ရက်နေ့မှာ အတွင်းလူနာပေါင်း ၅၀၀ ကျော် ကုသပေးခဲ့ရပြီး ဇွန်လဆန်းအထိ အတွင်းလူနာ ၁၂၀၀ ခန့်အထိ ကုသပေးနိုင်ကာ ပုံမှန်အခြေအနေအတိုင်း လုပ်ငန်းတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ကျေးလက်ဒေသတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ကျန်းမာရေးဌာန၊ ဒါမှမဟုတ် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဒါမှမဟုတ် အထူးကုဆေးအဖွဲ့တွေ ကွင်းဆင်းကုသမှု ဒါမှမဟုတ် ရွှေ့လျားဆေးပေးခန်း (Mobile Clinic) တွေက စောင့်ရှောက်မှုပေးနေပါတယ်။

ဒါကြောင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဆေးပေးခန်း၊ အထူးကုအဖွဲ့နဲ့ RRT အဖွဲ့တွေက မေလ ၁၆ ရက်နေ့မှ ဇွန်လ ၇ ရက်နေ့အထိ ပြင်ပလူနာ ၅၇၃၈၃ ဦးကို ဆေးကုသမှုတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးတာတွေကို ဆောင်ရွက်နိုင်တဲ့အပြင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံတာကို ဇွန်လ ၆ ရက်နေ့အထိ ၁၀၀၇၇ ဦးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ပါတယ်။ အရေးကြီးတဲ့ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်တဲ့ ပုံမှန်ကာကွယ်ဆေးထိုးနှံမှုအနေနဲ့ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပုံမှန်နှုန်းအမီလိုက် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းတွေ လစဉ် ပထမရက်သတ္တပတ်မှာ ဆောင်ရွက်လျက်ရှိရာ မုန်တိုင်းသင့်ရခိုင်ပြည်နယ်မှာ ဇွန်လ ၁ ရက်နေ့မှ စတင်ပြီး ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းနဲ့ အမီလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ဆောင်ရွက်ခဲ့ရာမှာ ဇွန်လ ၇ ရက်နေ့အထိ ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့နယ်အားလုံးမှာ ဆောင်ရွက်နိုင်ပါတယ်။

ကျန်းမာရေး ဝန်ကြီးဌာနအနေနဲ့ ကူးစက်ရောဂါတွေ ဖြစ်ပွားလာပါက အလျင်အမြန် သိရှိစေဖို့အတွက် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုမှုစနစ် (Early Warning and Rapid Response) ကို ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် တစ်ခုလုံးမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ အပါအဝင် အခြားကူးစက်ရောဂါတွေ ကပ်အသွင်ဖြစ်ပွားမှု မရှိကြောင်း ပြောကြားလိုပါတယ်။

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်သင့်မြို့နယ်တွေမှာ ဇွန်လ ၁ ရက်နေ့ စာသင်ကျောင်းတွေ စတင်ဖွင့်လှစ်ချိန်မှာ မြို့နယ်အားလုံးရှိ စာသင်ကျောင်းတွေမှာ မုန်တိုင်းကျရောက်ပြီးနောက် ဖြစ်ပွားတတ်တဲ့ ကူးစက်ရောဂါတွေ မဖြစ်ပွားစေဖို့အတွက် ကျောင်းအခြေပြု ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေ၊ ကျောင်းတွင်း ရေကောင်းရေသန့်ရရှိသုံးစွဲရေး၊ ယင်လုံအိမ်သာစနစ်တကျ သုံးစွဲရေး၊ စနစ်တကျလက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ခြင်းနဲ့ အာဟာရပြည့်ဝတဲ့ စားသောက်မှုပုံစံတွေကို ပညာပေးခြင်း စတဲ့ ကျောင်းအခြေပြု ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကို Rapid Response Team နဲ့ ကျန်းမာရေးဝန်ထမ်းတွေက ဆောင်ရွက်ပေးခဲ့ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့ အများပြည်သူကလျှပ်ဒါန်းတဲ့ ဆေးနဲ့ ဆေးပစ္စည်းတွေကို မုန်တိုင်းသင့်ဒေသတွေမှာ ထိထိရောက်ရောက်အသုံးပြုလျက်ရှိရာ ဇွန်လ ၇ ရက်နေ့အထိ စုစုပေါင်းဆေးနဲ့ ဆေးပစ္စည်း ၈၃ မျိုး၊ ခန့်မှန်းခြေတန်ဖိုး ၃၉၀ ဒသမ ၀၄၂၁ သန်း လက်ခံရရှိခဲ့ပါတယ်။

မေး။ ။ ရှေ့ဆက်လက် လုပ်ဆောင်သွားမယ့် လုပ်ငန်းဆောင်ရွက်ချက်တွေကိုလည်း သိရှိလိုပါတယ်။

ဖြေ။ ။ ရခိုင်ပြည်နယ် မုန်တိုင်းသင့် ဒေသတွေမှာ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူတွေ တစ်ဦးတစ်ယောက်မှ မကျန်ရှိစေဘဲ ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ဆေးရုံ၊ကျန်းမာရေးဌာန အဆောက်အအုံတွေ အရင်ကထက် ပိုမိုကောင်းမွန်တဲ့ အဆောက်အအုံတွေအဖြစ် အမြန်ဆုံး ပြုပြင်တည်ဆောက်ရေး၊ သဘာဝဘေးရဲ့ နောက်ဆက်တွဲကျန်းမာရေးပြဿနာတွေ မပေါ်ပေါက်စေရေးနဲ့ ကူးစက်ရောဂါတွေ ကပ်အသွင်ဖြစ်ပွားမှု မရှိစေရေးတို့အတွက် အထူးအလေးထားပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ။

ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ အလုပ်သမား၊ သဘော်သား လုပ်ခ၊ လစာများ လွှဲပို့ခြင်းကိစ္စရပ်များအတွက် အဆင်ပြေစေရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်

သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စုမှ တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့မှုများ တိုးမြှင့်ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ၂၀-၆-၂၀၂၃ ရက်နေ့မှစ၍ နိုင်ငံပိုင်ဘဏ်များဖြစ်သော မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့အား အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့ကန့်သတ်မှု စာရင်းတွင် ထည့်သွင်းသတ်မှတ်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိပါသည်။

၂။ နိုင်ငံပိုင်ဘဏ်များအနေဖြင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ဝန်ဆောင်မှုပေးရာတွင် စနစ်တကျ၊ မှန်မှန်ကန်ကန်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အမေရိကန်အခြေစိုက်ဘဏ်များတွင် လည်းကောင်း၊ အမေရိကန်ဘဏ်များ၏ ဘဏ်ခွဲများတွင်လည်းကောင်း နိုင်ငံပိုင်ဘဏ်များ၏ နိုင်ငံခြားငွေစာရင်းများ ဖွင့်လှစ်ဆောင်ရွက်နေခြင်းမရှိသည့်အတွက် ငွေကြေးဆုံးရှုံးမှုမရှိနိုင်ဘဲ နိုင်ငံခြားငွေနှင့် ကုန်သွယ်ငွေပေးချေမှုဝန်ဆောင်မှုများကို စနစ်တကျ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ယခင်ကာလများကလည်း အလားတူအရေးယူပိတ်ဆို့မှုများ တွေ့ကြုံခဲ့ရသော်လည်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့သည် နိုင်ငံခြားဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို နှောင့်နှေးရပ်တန့်မှုမရှိဘဲ စနစ်တကျဆောင်ရွက်ပေးခဲ့ပါသည်။

၃။ ယခုထွက်ပေါ်နေသည့် သတင်းများနှင့်ပတ်သက်၍ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သည့် မိဘပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြပူပန်ခြင်းမရှိဘဲ ယုံကြည်စွာဖြင့် ဆက်လက်ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း၊ နိုင်ငံခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုကို နိုင်ငံပိုင်ဘဏ်(၂)ဘဏ်တည်းမှသာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ပြည်တွင်းပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်များ၏ ဘဏ်ခွဲများမှလည်း ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့က သတ်မှတ်ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံခြားသုံးငွေ လွှဲပြောင်း၊ ပေးပို့၊ လက်ခံသည့်ကိစ္စရပ်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ အလုပ်သမား၊ သဘော်သား လုပ်ခ၊ လစာများလွှဲပို့ခြင်းကိစ္စရပ်များအတွက် အဆင်ပြေစေရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဘဏ်နှင့်ဆက်သွယ်သူပြည်သူများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ရှယ်ယာများထုတ်ဝေရောင်းချသည့် အရည်အသွေးမီ အများပိုင်ကုမ္ပဏီများဖြစ်လာစေရေး ဥပဒေ၊ နည်းဥပဒေ၊ သတ်မှတ်စံနှုန်းများနှင့်အညီ စိစစ်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရိန်သည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရုံးချုပ်၌ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအမှာစကားပြောကြားသည်။

မှာကြား

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးကတွေ့ကျန်များ စနစ်တကျကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ ခရိုင်မြို့နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ရန်၊ ဘဏ်ခွဲများတွင်ရယူထားသော လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်(ပုံစံ-၇)မူရင်းများ ကွဲလွဲမှုမရှိစေရေး သက်ဆိုင်ရာလယ်ယာမြေစိစစ်ရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် အမြဲမပြတ်စိစစ်ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးဝင်းရိန်သည် ဆူးလေဘုရားလမ်းရှိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတွင် ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မရှင်၏အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ငွေချေးသက်သေခံလက်မှတ်ဖြစ်သည့် ရှယ်ယာများထုတ်ဝေရောင်းချသည့် အရည်အသွေးမီ အများပိုင်ကုမ္ပဏီများဖြစ်လာစေရေး အတွက် ဥပဒေ၊ နည်းဥပဒေ၊ သတ်မှတ်စံနှုန်းများနှင့်အညီ စိစစ်ဆောင်ရွက်ရန်၊ တစ်ဖက်တွင်လည်း ရင်းနှီးမြှုပ်နှံသူ ပြည်သူများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးရေး ဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ကော်မရှင်ရုံးရှိ အရာထမ်း၊ အမှုထမ်းများနှင့် ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ တာဝန်ထမ်းဆောင်ရေး၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းပြောကြားပြီး နိုင်ငံပိုင်ဘဏ်များကတင်ပြလာသော ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ သက်သာချောင်ချိရေးကိစ္စရပ်များ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍရှိ စီးပွားရေးလုပ်ငန်းကြီးများအတွက် လိုအပ်သည့်အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ဘဏ်ရုံး အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

Liability of Legal Persons အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဇွန် ၂၁

မလေးရှားနိုင်ငံ ပူထရာဂျာယာမြို့တွင် ဇွန်၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခံထားရသော အဖွဲ့အစည်းများ၏ တရားဝင်ဥပဒေအရ တာဝန်ရှိမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ (Workshop on Liability of Legal Person)သို့ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းဖြင့် တက်ရောက်ဆွေးနွေးသည်။

ဇွန် ၂၀ ရက်က ကျင်းပသည့် အစည်းအဝေးပထမနေ့တွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)မှ ကျွမ်းကျင်ပညာရှင်နှင့် မလေးရှားနိုင်ငံမှ ကျွမ်းကျင်ပညာရှင်တို့က မလေးရှားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၈)ပုဒ်မ ၁၇ (က)တွင် ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခံထားရသော အဖွဲ့အစည်းများ (LLP)နှင့်စပ်လျဉ်း၍ အကျိုးဝင်သည့် အဖွဲ့အစည်းများ၊ လမ်းညွှန်ချက်နှင့် တာဝန်များ၊ စုံစမ်းစစ်ဆေးရေးဆိုင်ရာ လမ်းညွှန်ချက်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခံထားရသော အဖွဲ့အစည်းများ၏ တာဝန်ယူ၊ တာဝန်ခံမှုနှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာ ဦးတည်ချက်များ၊ အရေးယူဆောင်ရွက်မှုများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စရပ်များ၊ နိုင်ငံရပ်ခြား လာဘ်ပေးလာဘ်ယူမှုများ၊ အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများကို အကာအကွယ်ပေးရေးတို့အပေါ် အကြံပြုဆွေးနွေးခဲ့ကြသည်။

ဇွန် ၂၁ ရက်တွင်ကျင်းပသည့် အစည်းအဝေးဒုတိယနေ့တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအဖွဲ့အစည်းမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကျွမ်းကျင်ပညာရှင် Ms. Corinna de Vathaire de guerchy က လာဘ်ပေး လာဘ်ယူမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခံထားရသော အဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များအပေါ် သုံးသပ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး အမေရိကန်နိုင်ငံ တရားရေးဝန်ကြီးဌာနမှ Mr. Gerald M. Mood Jr က Foreign Corrupt Practices Act ပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံအနေဖြင့် ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခံထားရသော အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ သီးခြားပြဋ္ဌာန်းချက် မရှိသေးကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် သီးခြားထည့်သွင်းနိုင်ရေးအတွက် လက်ရှိဥပဒေကို ပြန်လည်သုံးသပ်ရာတွင် ဖြည့်စွက်နိုင်ကြောင်း၊ မလေးရှားနိုင်ငံ၏ဆောင်ရွက်ချက်များနှင့် ယခုအစည်းအဝေးတွင် ဆွေးနွေးချက်များသည် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် များစွာအထောက်အကူပြုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်လျက်ရှိပြီး နည်းပညာအကူအညီများကိုလည်း ရယူဆောင်ရွက်လိုကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးရဲတင့်၏ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းအဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး မိုခါမုန်တိုင်း စုပေါင်းမှုအင်အားရလဒ်မှတ်တမ်း ဗီဒီယိုနှင့် ပန်းတိုင်းပွင့်၍မွေးပါစေ မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပညာရေးဆိုသည်မှာ လောကမံကို ကြုံတွေ့ရသည့်အခါ အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားနိုင်စေရန် လိုအပ်သည့် စိတ်နှင့် ရုပ်လက္ခဏာများကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပညာတတ်လျှင် ကျွန်းမာအောင် နေတတ်လာမည်၊ ပညာတတ်လျှင် ချမ်းသာအောင် နေတတ်လာမည်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ပင်ဖြစ်ကြောင်း၊ "သန့်ရှင်းတဲ့နား အကြားအမြင်များသည်၊ စင်ကြယ်တဲ့စိတ် အသိများသည်" ဆိုသည့် စကားကို စွဲမြဲစွာမှတ်သားပြီး ဆောင်ရွက်ပါကဘဝတွင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း။

ပညာသည် ဘဝနှင့်ဆိုင်သည့် အသိပညာ၊ အတတ်ပညာများဖြစ်ပြီး ကျွန်းမာကြံ့ခိုင်သည့်လူမျိုး၊ ဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝသော နိုင်ငံဖြစ်အောင် ကောင်းမွန်သည့် ပညာရေးစနစ်၊ တစ်နည်းအားဖြင့် ပညာတတ်သည့် မျိုးဆက်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ တပည့်ကောင်းများ ဖြစ်အောင် ကြိုးစားရမည်ဖြစ်သကဲ့သို့ နောင်တစ်ချိန်တွင် တိုင်းပြည်ကို ဦးဆောင်ကြရမည့်သူများ ဖြစ်သည့်အတွက် ပညာပြည့်ဝရုံသာမက သန့်ရှင်းဖြူစင်သည့် ကိုယ်ကျင့်တရားများနှင့် နေထိုင်တတ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ ပညာသည်သာလျှင် စစ်မှန်သည့် တန်ဖိုးဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် ထူးချွန်ထက်မြက်သည့် ပညာတတ်များဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာတို့ကို ပေးအပ်ချီးမြှင့်ရာ ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး၏ဇနီးက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာတို့ကို ကိုယ်စားလှယ်များထံ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မဆုပြည့်သဇင်နှင့် မနှင်းလဲ့ရည်၊ လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်ခွန်သုခဇွေတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၏ဇနီးက လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် မနှင်းရတနာနှင့် သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် မခင်ဝါဝါအောင်နှင့် မရိုးစ်ဗန်သင်ဆုန်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၏ဇနီးက တစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် မောင်မင်းဟိန်းသန့်နှင့် မဒေဝီကျော်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တည်ခင်းဌေ့ခံ

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများအား လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဌေ့ခံသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ဝန်ကြီးဌာနတစ်ခုလုံးအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်မှုမှာ မူလတန်း ၁၄၂၇ ဦး၊ အလယ်တန်း ၆၇၅ ဦး၊ အထက်တန်း ၄၇၃ ဦး၊ တက္ကသိုလ် ၄၁၆ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၉၉၁ ဦးရှိကာ မူလတန်းကျောင်းသား ကျောင်းသူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ အလယ်တန်းတစ်ဦးလျှင် ငွေကျပ် ၇၅၀၀ နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ အထက်တန်းတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ဗလာစာအုပ်နှစ်ဒါဇင်နှင့် တက္ကသိုလ်ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် ဗလာစာအုပ်နှစ်ဒါဇင်နှုန်းဖြင့် စုစုပေါင်းထောက်ပံ့မှု ငွေကျပ် ၅၂၂၆၇၅၀၀ ဖြစ်သည်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ရိုးရိုးအောင်မြင်သူ ၃၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် ဘာသာစုံဂုဏ်ထူးရှင် နှစ်ဦးတို့ရှိခဲ့ပြီး ရိုးရိုးအောင်မြင်သူ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း၊ ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ချီးမြှင့်ခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန၏ စုစုပေါင်းထောက်ပံ့ချီးမြှင့်ငွေကျပ် ၅၈၀ဖြဂ၅၀၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မဆုပြည့်သဇင်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

ပညာရေးဝန်ကြီးဌာန အင်ဂျင်နီယာများအရည်အသွေးမြှင့်သင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၁

ပညာရေးဝန်ကြီးဌာန အင်ဂျင်နီယာများအရည်အသွေးမြှင့်သင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိပညာရေးဝန်ကြီးဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာမှူးကြီးများ၊ သင်ကြားပို့ချမည့်ဆရာ ဆရာမများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဦးစီးဌာနရုံးများမှ အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အင်ဂျင်နီယာများအနေဖြင့် မိမိတို့တာဝန်ကျရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်းများ၊ ရုံးများတွင် ဆောက်လုပ်ရေးလုပ်ငန်းများသာမက ရေ၊ မီး စသောအခြေခံကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး သက်ဆိုင်ရာ ပါမောက္ခချုပ်၊ ကျောင်းအုပ်၊ ပညာရေးမှူးများ၊ ဘဏ္ဍာရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့လေ့လာသိရှိသော အသိပညာများကို မိမိတို့၏ အတတ်ပညာ၊ အတွေ့အကြုံများကို စေတနာနှင့်ပေါင်းစပ်ပြီး မိမိအား တာဝန်သတ်မှတ်ပေးထားသည့် ဒေသရှိ ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ရုံးများရှိ အဆောက်အအုံများ တည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီစေရေးအတွက် တာဝန်ယူကြီးကြပ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းဆရာများဖြစ်ကြသည့် ပညာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာအောင်ကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွေးဦး၊ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်၊ ဌာနမှူး ဦးချစ်ကိုကို၊ ဌာနမှူး ဒေါ်မာလာ၊ ဌာနမှူး ဦးစိုင်းကိုကို၊ အင်ဂျင်နီယာမှူးကြီး ဒေါ်တည်တည်အုန်း

တို့က အစီအစဉ်အတိုင်း ပို့ချသင်ကြားပေးကြသည်။

အဆိုပါသင်တန်းသို့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာရုံးများမှ ရာထူးအဆင့်ဆင့် အင်ဂျင်နီယာ ၁၂၁ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကို ဇွန် ၂၁ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားလေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (၁၂) ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးတက်ရောက်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့သို့ရောက်ရှိ

နေပြည်တော် ဇွန် ၂၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် (၁၂) ကြိမ်မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့သို့ ဇွန် ၂၁ ရက်တွင် ရောက်ရှိခဲ့သည်။

ယင်းနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘရူနိုင်းနည်းပညာတက္ကသိုလ် (Universiti Technologi Brunei – UTB) သို့ ရောက်ရှိစဉ် ယင်းတက္ကသိုလ်၏ Vice-chair Dr. Hajah Ena က ခရီးဦးကြိုဆိုပြီး တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ သင်ကြားသင်ယူမှုစနစ်များနှင့် သုတေသနလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး တက္ကသိုလ်ပတ်ဝန်းကျင်၊ စာသင်ခန်း၊ စာကြည့်တိုက်၊ ဓာတ်ခွဲခန်းများ၊ အလုပ်ရုံများနှင့် သုတေသနခန်းများကို လိုက်လံရှင်းလင်းပြသခဲ့သည်။

ယင်းနောက် ဘရူနိုင်းနည်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံမှနည်းပညာတက္ကသိုလ်များ သင်ကြားသင်ယူမှုနှင့် သုတေသနပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါနေ့ ညနေပိုင်းတွင် (၁၂) ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ အလုပ်ညွှန်ကျ ဥက္ကဋ္ဌဖြစ်သူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ပို့ဆောင်ရေးနှင့် သတင်းအချက်အလက်ဆက်သွယ်ရေးဝန်ကြီး H.E. Pengiran Dato Seri Setia Shamhary Mustapha တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး လက်ဆောင်ပစ္စည်းများ ချစ်ခင်ရင်းနှီးစွာ အချင်းချင်းဖလှယ်ပေးအပ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး၏ခရီးစဉ်တွင် လိုက်ပါလာသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် (၈၃) ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြပြီး အာဆီယံဒေသတွင်း သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနများ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများအား ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး (၁၂) ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ ဆက်လက်တင်ပြအတည်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အနုပညာဖန်တီးမှုများအား တရားမဝင် ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၁

အနုပညာဖန်တီးမှုများအား တရားမဝင် ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းရဲတပ်ဖွဲ့မှူးရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)တို့မှ တာဝန်ရှိသူများတက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံသဘင် အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ရှေးဦးစွာ အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌက နည်းပညာတိုးတက်လာမှုနှင့်အတူ တရားမဝင် ခိုးယူဖြန့်ချိမှုများကြောင့် ငွေကြေးအကုန်အကျခံကာ ရိုက်ကူးထုတ်လွှင့်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ထုတ်လုပ်ရေးလုပ်ငန်းများ၊ အနုပညာရှင်များမှာ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်နေရပါကြောင်း၊ အနုပညာဖန်တီးမှုများကို မူပိုင်ခွင့် ရရှိသူများထံမှ ခိုးယူ၍ သမားရိုးကျနည်းလမ်းဖြင့်သော်လည်းကောင်း၊ အွန်လိုင်းပလက်ဖောင်းများမှလည်းကောင်း ထုတ်လွှင့်ဖြန့်ချိသူများကို အနုပညာဖန်တီးမှုများအား တရားမဝင် ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့က တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေးစီမံဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မြန်ဆန်ထိရောက်သည့် အရေးယူမှုများကို ဆောင်ရွက်နိုင်ရန် နည်းလမ်းများကိုအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ တက်ရောက်လာကြသည့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး အနုပညာဖန်တီးမှုများအား တရားမဝင် ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌက တင်ပြချက်များ အပေါ် ပေါင်းစပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

သတင်းစဉ်

၂၀၂၃ ခုနှစ် ဇွန်လ (တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

ဘဂ်လားပင်လယ်အော်အခြေအနေ

ဘဂ်လားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပွလီပင်လယ်ပြင်နှင့် ဘဂ်လားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်း နိုင်သည်။

မိုးရွာသွန်းမှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင် ဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၂ ဒီဂရီဖာရင်ဟိုက်မှ ၉၂ ဒီဂရီ ဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေး တိုင်းဒေသကြီးတို့တွင် ၉၃ ဒီဂရီဖာရင်ဟိုက်မှ ၁၀၂ ဒီဂရီ ဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၅၄ ဒီဂရီ ဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၃ ဒီဂရီ ဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက် အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက် မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသ ကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ

ပဲခူးတိုင်းဒေသကြီး(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၅ မီလီမီတာမှ ၂၅ မီလီမီတာအတွင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၆ မီလီမီတာမှ ၃၆ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ၃၇ မီလီမီတာမှ ၄၇ မီလီမီတာ အတွင်း အသီးသီး ရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်(ပြည့်၀) အခြေအနေ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီး ရှိနိုင်သည်။

မိုး/ဇလ

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိဆေးရုံကြီးဝင်းအနောက်ဘက်ခြမ်း၌ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေထွက်ပေါက်ပြန်လည်ပြုပြင်နေမှုနှင့် စေတီယျရပ်ကွက်ရှိ ငါးလုပ်ငန်းဦးစီးဌာန ရေငန်ပုစွန်သားဖောက်စခန်း ဝန်ထမ်းနေအိမ်လိုင်းခန်းများ ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများသည်သပြေကုန်းရပ်ကွက်ရှိမြို့လယ်ချောင်းမှ အမှိုက်များကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူလူထုများနှင့်အတူပူးပေါင်း၍ အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေမြောင်းများတူးဖော်ခြင်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး ခန်းမ၌ ပြုလုပ်သော ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးမျိုးစေ့ထုတ် စံပြကွက်၊ စမ်းသပ်ကွက်များ ဆောင်ရွက်မည့် အကျိုးဆောင်တောင်သူများအား မျိုးစပါး၊ မျိုးစေ့ထုတ်လုပ်ငန်း ဇကာ ၁၂၀ အတွက် မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် (MPE)ယူရီးယားဓာတ်မြေသြဇာထောက်ပံ့ပေးအပ်ပွဲကို တက်ရောက်ပြီး ကျေးရွာအုပ်စု လေးအုပ်စုမှ တောင်သူများသို့ မျိုးစပါးတင်း ၁၂၀ နှင့် ကျေးရွာအုပ်စု ၁၅ အုပ်စုမှ တောင်သူများအား (MPE)ယူရီးယားဓာတ်မြေသြဇာ အိတ် ၁၀၀၀ ထောက်ပံ့ပေးအပ်ကာ တက်ရောက်လာကြသည့် တောင်သူများကိုယ်စား တောင်သူတစ်ဦးမှ တင်ပြချက်များအပေါ် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် မိုခါမုန်တိုင်းကြောင့် ပျက်စီးမှုရှိခဲ့သည့် တောင်သူလယ်သမားများအတွက် ထောက်ပံ့ပေးပို့သည့် မျိုးစပါးနှင့် ဓာတ်မြေသြဇာအိတ်များ ပျက်စီးမှုမရှိဘဲ သိုလှောင်ထားနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ကကျဘက်ကံပြင်ကျေးရွာအုပ်စု မြို့မစေတီတောင်ကျေးရွာရှိ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ငါးသားပေါက်စခန်းသို့သွားရောက်၍ ဘူးသီးတောင်မြို့နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ငါးသားပေါက်မွေးမြူမှု၊ ငါးသားပေါက်ဖြန့်ဖြူးထောက်ပံ့ပေးနိုင်မှုအခြေအနေများ အားကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

နေပြည်တော် ဇွန် ၂၁

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ငါးသေတ္တာ၊ ပဲနီလေး၊ နှစ်ပြန်ကြော်၊ ခေါက်ဆွဲခြောက်၊ ခရမ်းချဉ်သီး စသည့် အခြေခံစားသောက်ကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်း ၂ ဒသမ ၇ တန်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကိုတပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့ အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၃၆ ဒသမ ၉ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်ကူညီဆောင်ရွက်ပေးကြမည့်တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၃၉၃ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ်သင့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရသည်။

သတင်းစဉ်

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၁

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အစိုးရရပ်ကွက်ရှိ ရေမြောင်းအတွင်း၌ အမှိုက်များ ရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ မြို့မရပ်ကွက်ရှိ ရေမြောင်းအတွင်း၌ အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ တန်းအေးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဘာဆာရာကျေးရွာရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၂၁

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က တိုက်ခတ်ခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

တရုတ်-ဂျာမနီ ဆက်ဆံရေးမြှင့်တင်သွားမည်ဟု တရုတ်ဝန်ကြီးချုပ်ပြောကြား

ပေကျင်း ဇွန် ၂၁

တရုတ်-ဂျာမနီ နှစ်နိုင်ငံဆက်ဆံရေးကို သက်ဆိုင်ရာနိုင်ငံများ၏ အကျိုးစီးပွားအတွက် အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး ကမ္ဘာကြီး၏ သာယာဝပြောရေးအတွက် ဦးတည်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် လီချန်းက ပြောကြားခဲ့သည်။

ဘာလင်မြို့၌ ဂျာမနီဝန်ကြီးချုပ် အိုလဗ်ရှောစ်နှင့်တွေ့ဆုံစဉ် ၎င်းက ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလ ဂျာမနီဝန်ကြီးချုပ် အိုလဗ်ရှောစ်တရုတ်နိုင်ငံသို့လာရောက်စဉ်က တရုတ်သမ္မတရှီကျင့်ဖျင်နှင့် နက်ရှိုင်းသည့်ဆက်ဆံရေးကို တည်ထောင်နိုင်ခဲ့ပြီး နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ဦးတည်နိုင်ခဲ့ကြောင်း လီချန်းက မှတ်ချက်ပြုသည်။

ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းကို လျှောက်လှမ်းရာတွင် မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း လီချန်းက ထပ်လောင်းပြောကြားသည်။

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများ အပေါ် ကြိုဆိုကြောင်း ဂျာမနီဝန်ကြီးချုပ် အိုလဗ်ရှောစ်က ပြောကြားသည်။ တရုတ်-ဂျာမနီလက်တွဲ၍ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။ ဂျာမနီနိုင်ငံသည် နိုင်ငံအတွင်း တရုတ်ကုမ္ပဏီများ၏ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကိုးကား - စီဂျီတီအင်နိ
ဘာသာပြန် - စိုးသူရ

နီပေါနိုင်ငံ၏ တတိယမြောက်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပထမဆုံး နိုင်ငံတကာလေကြောင်းပြေးဆွဲမှု စတင်

ပိုခါရာ ဇွန် ၂၁

နီပေါနိုင်ငံ၏ တတိယမြောက် အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် ဇန်နဝါရီလက စတင်ဖွင့်လှစ်ခဲ့သည့် ပိုခါရာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စီဆွမ်လေကြောင်းလိုင်းမှ စင်းလုံးငှားလေယာဉ်တစ်စင်းသည် ဇွန် ၂၁ ရက်နံနက်ပိုင်းတွင် အဆိုပါလေဆိပ်သို့ ဆင်းသက်ခဲ့ခြင်းကြောင့် တတိယမြောက် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပထမဆုံးနိုင်ငံတကာလေကြောင်း ပြေးဆွဲမှုစတင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ စီဆွမ်ပြည်နယ်၏မြို့တော်ချန်ဒူးမှ စတင်ထွက်ခွာလာသည့် အဆိုပါစင်းလုံးငှား လေယာဉ်ပေါ်တွင် နီပေါအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဂါနက်ရှ်ပရာဆက်တီမီလ်ဆီနာနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

နီပေါအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဂါနက်ရှ်ပရာဆက်တီမီလ်ဆီနာအပါအဝင် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အခြားသောခရီးသွားများအား နီပေါနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းဝန်ကြီး ဆူဒန်ကီရာတီနှင့် နီပေါနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ဆွန်တို့က အဆိုပါလေဆိပ်၌ ကြိုဆိုခဲ့ကြောင်း သိရသည်။

အဆိုပါ ပိုခါရာအပြည်ပြည်ဆိုင်ရာလေဆိပ်ကို တရုတ်နိုင်ငံအစိုးရ၏ချေးငွေဖြင့် တရုတ်နိုင်ငံကုမ္ပဏီ တစ်ခုက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၁ ရက်တွင် လေဆိပ်လုပ်ငန်းများ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းလေဆိပ်သို့ ပထမဆုံးနိုင်ငံတကာလေကြောင်းပြေးဆွဲမှုစတင်ခဲ့သည့် အခမ်းအနားတွင် ယခုစင်းလုံးငှားလေယာဉ် ရောက်ရှိလာမှုသည် နီပေါနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် နီပေါ-တရုတ်ဆက်ဆံရေး၏ အရေးပါသောကဏ္ဍတစ်ရပ်အဖြစ်ပြသနေကြောင်း နီပေါအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဂါနက်ရှ်ပရာဆက်တီမီလ်ဆီနာက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

ပါကစ္စတန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီးပွားရေးအစီအမံ ပြဋ္ဌာန်း

အစ္စလာမာဘတ် ဇွန် ၂၁

ပါကစ္စတန်နိုင်ငံ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အများအပြားဝင်လာစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို အမြန်ဆုံးအတည်ပြုနိုင်ရန် အထူးစီးပွားရေးအစီအမံကို အစိုးရက ယမန်နေ့တွင် ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်ရှာဘတ်ရှာရစ်နှင့် ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်နှင့် ထိပ်တန်းအစိုးရတာဝန်ရှိသူများ တက်ရောက်သည့် အစည်းအဝေးတွင် ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းအစီအမံအရ နိုင်ငံ၏ အဓိကကဏ္ဍများ ဖြစ်သည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ သတ္တု၊ သတင်းအချက်အလက်နည်းပညာနှင့် စွမ်းအင်ကဏ္ဍများတွင် မိတ်ဖက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံမှုချောမွေ့ရေးကောင်စီကိုလည်း ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရဌာနများအကြား လုပ်ငန်းဆောင်ရွက်မှု လွယ်ကူစေရေးအတွက် ဝန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့သည်။

ပါကစ္စတန်ဝန်ကြီးချုပ်က ပို့ကုန်ကိုဦးစားပေးသည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ၏ အရေးကြီးမှုကို အလေးပေးပြောကြားခဲ့ပြီး ပြည်ပရင်းနှီးမြှုပ်နှံသူများကို လုပ်ငန်းလုပ်ကိုင်ခွင့်ပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ်ပထမငါးလအတွင်း ရော်ဘာတန်ချိန် ၁၀၇၉၃၈ တန် တင်ပို့နိုင်ခဲ့

ဖနောင်ပင် ဇွန် ၂၁

ကမ္ဘောဒီးယားနိုင်ငံသည် ယခု ၂၀၂၃ ခုနှစ် ပထမငါးလအတွင်း ရော်ဘာတန်ချိန် ၁၀၇၉၃၈ တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့် အလားတူကာလက ရော်ဘာတန်ချိန် ၁၀၅၂၄၈ တန် တင်ပို့နိုင်ခဲ့သဖြင့် ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်မှုရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ရော်ဘာလုပ်ငန်းဦးစီးဌာနက ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယား နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ရော်ဘာ တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၄၅ ဒသမ ၈ သန်းအထိ ဝင်ငွေရရှိခဲ့ကြောင်း၊ သို့ရာတွင် ပြီးခဲ့သည့်နှစ်အလားတူ ကာလက အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၇ သန်း ဝင်ငွေရရှိခဲ့သဖြင့် ရော်ဘာတင်ပို့မှုဝင်ငွေသည် ၁၃ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျမှုရှိခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ပထမငါးလအတွင်း ရော်ဘာတစ်တန်၏ ပျမ်းမျှကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၁၃၅၁ ဒေါ်လာရှိခဲ့သဖြင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂၅၂ ဒေါ်လာ လျော့ကျမှုရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ရော်ဘာလုပ်ငန်း ညွှန်ကြားမှူးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဟင်အွန်က ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံက ရော်ဘာအဓိကတင်ပို့သည့် နိုင်ငံများမှာ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် လက်ရှိတွင် မြေဧကေစုစုပေါင်း ၄၀၄၅၇၈ ဧကတွင် ရော်ဘာပင်များ စိုက်ပျိုးထားပြီး ယင်းတို့အနက် ၃၁၅၃၃၂ ဧကပေါ်တွင် စိုက်ပျိုးထားသည့် ရော်ဘာပင်များမှာ သက်တမ်းရင့်အပင်များဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

ဂျပန်နိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ မူပိုင်ခွင့်ကာကွယ်ရေး ဆောင်ရွက်

တိုကျို ဇွန် ၂၁

ဂျပန်နိုင်ငံတစ်ဝန်းရှိ ဉာဏ်ရည်တုနည်းပညာနှင့်ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသူများသည် ဉာဏ်ရည်တုနည်းပညာ ဖြင့်ဖန်တီးထားသည့် ရုပ်ပုံများသုံးစွဲရာတွင် မူပိုင်ခွင့်မချိုးဖောက်နိုင်စေရေးနှင့် ဉာဏ်ရည်တုနည်းပညာ သုံးစွဲမှုမြှင့်တင်ရေးအတွက် အဖွဲ့အစည်းတစ်ခုကို စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ၔင်းအဖွဲ့အစည်းတွင် ဉာဏ်ရည်တုနည်းပညာ ကျွမ်းကျင်သူများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ သုတေသီများနှင့် ရှေ့နေများဖြင့် ဖွဲ့စည်းထားသည်။

မိမိတို့အဖွဲ့အစည်းသည် ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဉာဏ်ရည်တုနည်းပညာ ဆိုင်ရာမူပိုင်ခွင့်များ ကာကွယ်ရေးဖွဲ့စည်းထားခြင်း ဖြစ်ကာ ဂျပန်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာကဏ္ဍကို ကမ္ဘာ့အဆင့်အထိ ရောက်ရှိစေရေး ဆောင်ရွက်သွားမည်ဟု ၎င်းအဖွဲ့အစည်းမှ တာဝန်ရှိသူ မိုချီဇူးကိုက ပြောသည်။

သင်ကြားရေးလုပ်ငန်းစဉ်များတွင် ဉာဏ်ရည်တုနည်းပညာအရ သုံးစွဲမည့်ဒေတာအချက်အလက်များ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် မူပိုင်ခွင့်များကို ကာကွယ်ပြီး ဉာဏ်ရည်တုနည်းပညာသုံးစွဲမှုများ ပိုမိုအဆင်ပြေစေရေးအတွက် ၔင်းအဖွဲ့အစည်းက ဆောင်ရွက်မည်ဖြစ်သည်။

ကိုးကား - အင်နန်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားများနှင့် အဓမ္မပေါင်းသင်းစေပြီး ရရှိသည့်ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၂၁

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားများနှင့် အဓမ္မပေါင်းသင်းစေပြီး ရရှိသည့် ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်(၁၀)နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မအေးအေးမော်(ခ)မော်ကြီးက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နေ မ---၊ ၂၁/၂၀၂၀ နှစ်ကို တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် စရိတ်ငြိမ်း ငွေကျပ် (၃/၄) သိန်းရမည်ဟု ပြောဆိုစည်းရုံးကာ အဆင့်ဆင့်ခေါ်ဆောင်၍ တရုတ်အမျိုးသားများနှင့် အဓမ္မပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လှိုင်သာယာမြို့နယ် သောင်ကြီးနယ်မြေရဲစခန်းက (၀) ၁၄၈၆/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၃၁ ရက်တွင် တရားခံ မအေးအေးမော်(ခ)မော်ကြီးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသမီးတစ်ဦးကို လိမ်လည်ခေါ်ယူ၍ တရုတ်အမျိုးသားများနှင့် အဓမ္မလိင်ဆက်ဆံရန် ခိုင်းစေခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၂၁

အမျိုးသမီးတစ်ဦးကို လိမ်လည်ခေါ်ယူ၍ တရုတ်အမျိုးသားများနှင့် အဓမ္မလိင်ဆက်ဆံရန် ခိုင်းစေခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နေ မခင်ဇာဇာလွင်က လယ်ဝေးမြို့နယ်နေ မ---၊ ၃၄/၂၀၂၂ နှစ်ကို တာချီလိတ်မြို့ရှိ လောင်းကစားရုံတွင် တစ်လလျှင်ဘတ် ၄၅၀ ဖြင့် သန့်ရှင်းရေးအလုပ်သမားလုပ်ရမည်ဟု လိမ်လည်ခေါ်ယူ၍ တရုတ်အမျိုးသားသုံးဦးနှင့် အတင်းအဓမ္မလိင်ဆက်ဆံရန် ခိုင်းစေခဲ့သဖြင့် မိတ္ထီလာမြို့ အမှတ်(၃) နယ်မြေရဲစခန်းက (၀) ၅၅/၂၀၂၂၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်ပြီး မိတ္ထီလာခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၀ ရက်တွင် တရားခံ မခင်ဇာဇာလွင်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရန်အောင်(၁)ရပ်ကွက်နေ ကေစင်မိုးဝေသည် ၎င်းအသုံးပြုသည့် “Kay Zin Moe” TikTok အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ချင်းစုရပ်ကွက်နေ စွမ်းထက်နိုင်နှင့် ဧရယျာတိုးချဲ့ရပ်ကွက်နေ ရွှေစင်ဝင်းတို့သည် “Shwe Sin Win” Facebook အကောင့်၊ ရေဦးမြို့နယ် အောင်ဆန်းရပ်ကွက်နေ ကျော်လင်းအောင်(ခ)ဖိုးလုံးသည် ၎င်းအသုံးပြုသည့် “Kyaw Linn Aung” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် မြရာချောင်းကျေးရွာနေ သားဖြူနှင့်အေးသာယာကျေးရွာနေ ထက်ထက်နိုင်(ခ)ဖိုးတာတို့သည် ၎င်းတို့အသုံးပြုသည့် “Thar Phyu” Facebook အကောင့်၊ “Htet Htet Naing” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး မိုးညှိုမြို့နယ် ရေကင်းကျေးရွာနေ ချိုချိုမာသည် ၎င်းအသုံးပြုသည့် “Cho Cho Mar” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်နေ စုဝေဖြိုးသည် ၎င်းအသုံးပြုသည့် “Su Wai Phyo”Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရွာသစ်ရပ်ကွက်နေ ကျော်သူ(ခ)မိုဟန်သည် ၎င်းအသုံးပြုသည့် “Kyaw Thu” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာ အနောက်ရပ်ကွက်နေ နောင်ပြည်ဖြိုး (ခ) နောင်ကြီးသည် ၎င်းအသုံးပြုသည့် “Naung Pyae Phyo” Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စမ်းကြီးရပ်ကွက်နေ သီတာလှိုင်(ခ) သမီးထွေးသည် ၎င်းအသုံးပြုသည့် “Thida” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက်နေ မြင့်မြင့်အေးသည် ၎င်းအသုံးပြုသည့် “Myint Myint Aye” Facebook အကောင့်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ မြကေခိုင်သည် ၎င်းအသုံးပြုသည့် “Kiti Khine” Facebook အကောင့်၊ သင်္ကန်းကျွန်းမြို့နယ် (က)ရပ်ကွက်နေ ဆုမြတ်ထွန်း(ခ)ဂျူးဂျူးသည် ၎င်းအသုံးပြုသည့် “Jue Jue” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နေ ဝင်းစန်း၊ စိုးစိုး၊ သင်းသင်းစိုး၊ မီးမီး၊ ညွှန့်ညွှန့်လှိုင်တို့ ငါးဦးသည် “Hein Min Soe” TikTok အကောင့်၊ ကျောင်းကုန်းမြို့နယ်နေ စုမွန်လှိုင်၊ ခင်စောငြိမ်း(ခ)မှုံမှုံ၊ သန္တာကျော်(ခ)မိခို၊ နှင်းနွယ်စိုး(ခ)မနှင်း၊ အေးအေးချော(ခ)အိပုံနှင့် ယုယုနိုင်(ခ)မယုတို့ ခြောက်ဦးသည် ၎င်းတို့အသုံးပြုသည့် “Su Mon Hlaing” Facebook အကောင့်၊ “Khin Saw Nyein” Facebook အကောင့်၊ “Thandar Kyaw” Facebook အကောင့်၊ “Ma Hinn” Facebook အကောင့်၊ “Aye Aye Chaw” Facebook အကောင့်၊ “Ma Yu” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁/ထူပါရုံ ရပ်ကွက်နေ မိုးမိုးခိုင်(ခ)မို့မို့ခိုင်သည် ၎င်းအသုံးပြုသည့် “Moe Moe Khine” Facebook အကောင့်၊ မြောက်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက်နေ ပန်းအိန္ဒယ်သည် ၎င်းအသုံးပြုသည် “Pan Ei Nwe” Facebook အကောင့်၊ ကမာရွတ်မြို့နယ်နေ အားဆိုင်၊ ပြည့်စုံအောင်နှင့် ချစ်ဖူးဝေတို့သည် ၎င်းတို့အသုံးပြုသည့် “Ah Saing” Facebook အကောင့်၊ “Pyae Sone Aung” Facebook အကောင့်၊ “Chit Phoo Wai” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်၊ သတ္တုတွင်းထွက်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

ကချင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

နေပြည်တော် ဇွန် ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တနိုင်း-မြစ်ကြီးနားသွား လီဒိုကားလမ်းမကြီး အနီး၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဘုရားကြီးမြို့နှင့် ဝေါမြို့အကြား ခန့်မှန်းမိုင်တိုင်အမှတ်(၀/၆၅) အနီး၌ ယာဉ်တစ်စီးအား စီစစ်၍ ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ပြီး အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် APP Steel Sink ၉၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၇၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က ဘားအံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lactasoy Soy Milk ဘူး ၄၅၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၂၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ထားဝယ်မြို့မရဲစခန်းမှ ဒုရဲအုပ်ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့ ဘုမ္မော်ရပ်ကွက် ဗိုလ်သန်းကြည်လမ်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ခဲမဖြူ/အဖြိုက်နက်/သံသတ္တုဆာလာအိတ် ၁၀ အိတ်နှင့် ၎င်းနှင့်ဆက်စပ်၍ ထားဝယ်မြို့ ဝဲကျွန်းမြို့သစ်ရပ်ကွက်ရှိ သတ္တုသန့်စင်ရုံ၌ ခဲမဖြူ/အဖြိုက်နက်/သံသတ္တုရောရာ ဆာလာအိတ် ၂၉ အိတ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၄၂၅၀၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ပုဗ္ဗသီရိမြို့နယ်နှင့် ဒက္ခိဏာသီရိမြို့နယ်တို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နယ်လှည့်ဖျော်ဖြေရေးနှင့် အသိပညာပေးဟောပြော

နေပြည်တော် ဇွန် ၂၁

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နယ်လှည့်ဖျော်ဖြေရေးနှင့် အသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကို ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ မင်္ဂလာဒီပ၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒက္ခိဏာသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း ကျင်းပသည်။

ဦးစွာ နယ်လှည့်အသိပညာပေးနှင့် ဖျော်ဖြေရေး အစီအစဉ်များအဖြစ် နိုင်ငံကျော်ရုပ်ရှင်နှင့် ဗီဒီယိုဟာသသရုပ်ဆောင် အကယ်ဒမီအုန်းသီး၊ လူရွှင်တော် ဒိန်းဒေါင်နှင့် ဝါသနာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေရာ ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပုဗ္ဗသီရိမြို့နယ် ထုံးဘိုမြို့မ ရဲစခန်းမှ ဒုတိယရဲမှူး မောင်မောင်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော် မူးယစ်တပ်ဖွဲ့စု(၁၀၁) မှ ရဲအုပ်အောင်လွင်က မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများကိုလည်းကောင်း၊ နေပြည်တော် တရားမျှတမှုစင်တာမှ တရားလွတ်တော်ရှေ့နေ ဒေါ်ဝင့်ဝင့်အေးက မူးယစ်ဆေးဝါးပြစ်မှုများနှင့် ပတ်သက်သည့် ဥပဒေများကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဇင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို မြို့နယ်ဦးစီးမှူး ဒေါ်သန္တာလင်းနှင့် ဝန်ထမ်းများက ဖြန့်ဝေခဲ့ပြီး မူးယစ်အန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များပြသရာ ကျောင်းသား ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဒက္ခိဏာသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံကျော်ရုပ်ရှင်နှင့် ဗီဒီယိုဟာသသရုပ်ဆောင် လူရွှင်တော် ဒိန်းဒေါင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝါသနာရှင်များက ခေတ်ပေါ်တီးဝိုင်းဖြင့် ကျောင်းသား ကျောင်းသူများအား တေးသီချင်းများ ဖျော်ဖြေတင်ဆက်ခြင်း၊ မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများကို အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်သည်။

ထို့နောက် နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ နေပြည်တော်လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဆွေက မူးယစ်ဆေးဖြတ်ပြီး သူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍လည်းကောင်း၊ အမှတ်(၁၀၁) မူးယစ်တပ်ဖွဲ့စု နေပြည်တော်မှ ရဲအုပ်မင်းသိန်းစိုးက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒက္ခိဏာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဒက္ခိဏာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစားကြည့်ရှုခဲ့ပြီး ကျောင်းသား ကျောင်းသူများအား အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သထုံ၌ မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ပြုလုပ်

သထုံ ဇွန် ၂၁

မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲတို့ ကျင်းပသည်။

အခမ်းအနားတွင် အမက(မော်ကျော့)မှ ဆရာမများနှင့် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေး၏ အန္တရာယ်များ အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား ပုံပြင်ပြော၊ ကဗျာရွတ်၊ စကားပုံဆက်၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများနှင့် ပျော်ပွဲရွင်ပွဲများ ပြုလုပ်ပေးရာ အမက(မော်ကျော့)မှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အနိုင်ရရှိသူများအား ဆုချီးမြှင့်ပေးကြသည်။

အဆိုပါအခမ်းအနားတွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ သိကောင်းစရာ စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ၊ ဓာတ်ပုံမှတ်တမ်းများ ခင်းကျင်းပြသထားရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ပြည်မြို့၌ စားသောက်ကုန်ပစ္စည်းများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

ပြည် ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်စီစဉ်ပေးမှုအရ ယနေ့ နံနက်ပိုင်းတွင် ပြည်မြို့ စည်ပင်သာယာမြို့မဈေးကြီး ဈေးခေါင်းရုံးရှေ့၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ကြက်ဥ၊ ဘဲဥများအပါအဝင် အသားငါးများနှင့် ဟင်းသီးဟင်းရွက်များကို ဒေသတွင်း ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် စားသုံးနိုင်ရန် ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းအဖွဲ့က ရောင်းချပေးလျက်ရှိသည်။

ယနေ့ရောင်းချရာတွင် ပြည်မြို့နယ် မှော်ဇောကျေးရွာ ဒေသထွက် ဟင်းသီးဟင်းရွက်မျိုးစုံ အပါအဝင် ဆန်တစ်ပြည် ဌေးကျပ် ၂၇၀၀၊ စားအုန်းဆီ တစ်ပိဿာ ဌေးကျပ် ၄၆၀၀၊ ဘဲဥတစ်လုံး ဌေးကျပ် ၃၀၀၊ ကြက်ဥတစ်လုံး ဌေးကျပ်၂၃၀၊ ဆိတ်သားတစ်ပိဿာ ဌေးကျပ် ၁၈၀၀၀၊ ဝက်သားတစ်ပိဿာ ဌေးကျပ် ၁၅၀၀၀၊ အမဲသား တစ်ပိဿာ ဌေးကျပ် ၁၃၀၀၀၊ ငါးတစ်ပိဿာ ဌေးကျပ် ၄၅၀၀ နှင့် ကြက်သားတစ်ပိဿာ ဌေးကျပ် ၈၀၀၀ နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့သည်။

ယင်းသို့ ရောင်းချပေးနေမှုအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်နိုင်ဦး၊ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရွှေကျင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဒုတိယအကြိမ်ကျင်းပ

ရွှေကျင် ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို တောင်ဘက်ကျေးရွာ အလယ်ရပ်ကွက် ဒက္ခိဏာရာမတောရကျောင်းတိုက်သုသာန်ဧရိယာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ယနေ့နံနက် ၈ နာရီတွင် ဒုတိယအကြိမ် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် စစ်ဗျူဟာ (အခြေချ)ရွှေကျင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်ဖုန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းတို့က အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မီးသတ်တပ်ဖွဲ့များထံ ပျိုးပင်များပေးအပ်ကာ

အမြင့်နှစ်ပေနှင့်အထက်ရှိသော ကျွန်းပင် ၅၀၀၊ မန်ဂျန်ရှားပင် ၅၀၀ နှင့် မဟော်ဂနီပင် ၄၀၀ စုစုပေါင်းပျိုးပင် ၁၄၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ညောင်တုန်းမြို့နယ်၌ ပလတ်စတစ်အိတ်အသုံးပြုမှုလျှော့ချရေး အသိပညာပေး

ညောင်တုန်း ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ပလတ်စတစ်အိတ်အသုံးပြုမှုလျှော့ချရေး အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးကော်မတီမှ တာဝန်ရှိသူများက ပလတ်စတစ်အိတ် အသုံးပြုမှုလျှော့ချရေးအတွက် ပလတ်စတစ်အိတ်အစား ပျက်စီးလွယ်သော အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူများဖြင့်အစားထိုးသုံးစွဲရေး ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် လက်ကိုင်စာပေကာဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်း၊ စစ်ဆေးအသိပညာပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် တရုတ်နိုင်ငံ ဟူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၂၁

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်ပြည်နယ် ဟွိုင်ဟွာခရိုင် ဟွိုင်ဟာမြို့ ကွန်မြူနစ်ပါတီ ကောင်စီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန် ၂၀ ရက်တွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ် မဂ်လာခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီများက နှစ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ ဆန်စပါးကုန်သွယ်မှု တိုးမြှင့်နိုင်ရေး၊ နှစ်နိုင်ငံ အကျိုးရှိမည့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာများ၊ ဓာတ်မြေသြဇာများ ကုန်သွယ်မှု ဆောင်ရွက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၌ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုရေးတို့ကို ဆွေးနွေးကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များက မြန်မာနိုင်ငံတွင် Hybrid Rice မျိုးစေ့ထုတ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားနိုင်ရေး၊ အရည်အသွေး ပြည့်မီသည့် ဆန်စပါးများ ထုတ်လုပ်နိုင်ရေး၊ ကျွမ်းကျင်သည့် စိုက်ပျိုးရေးပညာရှင်များ ထွက်ပေါ်ရေး အတွက် လေ့ကျင့်ပညာပေးနိုင်ရေး စသည့် အစီအစဉ်များကိုလည်းကောင်း၊ ဆန်၊ ဆန်ကွဲများနှင့် အခြားလယ်ယာထွက်ကုန်ပစ္စည်းများ ဝယ်ယူတင်ပို့နိုင်ရေး အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ တရုတ်နိုင်ငံသို့ ဆန်တင်ပို့နေသည့် ကုမ္ပဏီများနှင့် ဟူနန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ တက်ရောက်ကြသည်။

မျိုးမင်းသူရ

ချောင်းဆုံမြို့နယ်၌ ငလျင်ဘေးသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်

ချောင်းဆုံ ဇွန် ၂၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့် ငလျင်ဘေး ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက ချောင်းဆုံ(အထက)၌ ငလျင်ဘေး သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်သည်။

ဇာတ်တိုက်လေ့ကျင့်

အဆိုပါသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပူးပေါင်းအဖွဲ့များက ကျောင်းသား ကျောင်းသူများအား ငလျင်ဘေး ကျရောက်လာပါက လိုက်နာရမည့် အချက်များနှင့် ကြိုတင်ကာကွယ်ရမည့် အချက်များကို ဟောပြောကြကာ ငလျင်ဘေး သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကြံခင်းမြို့၌ ပလတ်စတစ်အိတ် မသုံးစွဲရန်အဖြစ် သတ်မှတ်ဆောင်ရွက်

ကြံခင်း ဇွန် ၂၁

ရောဝတီ တိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် (အပတ်စဉ်) ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရန်အဖြစ် သတ်မှတ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီတွင် ကြံခင်းမြို့နယ် မြို့မစျေးအတွင်း စျေးရောင်းချ လျက်ရှိသော စျေးရောင်း၀ယ်များအား ပလတ်စတစ်အိတ် သုံးစွဲနေခြင်းရှိ/မရှိကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းကျော်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှူဆောင်အရာရှိ ဦးဌေးမြင့်အောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက မြို့မစျေးအတွင်း စျေးရောင်း၊ စျေး၀ယ် ပြည်သူများအား အသား၊ ငါးများနှင့် ဟင်းသီးဟင်းရွက်များ၊ အသုံးဆောင်ပစ္စည်းများကို ရောင်းချရာတွင် ပလတ်စတစ်အိတ်များ သုံးစွဲမည့်အစား ကြာဖက်၊ အင်ဖက်၊ ၄ဂ်ပျောရွက်၊ ဗာဒံရွက်၊ စက္ကူများ စသည့်ပစ္စည်းများဖြင့် အစားထိုး သုံးစွဲကြရန်နှင့် ပလတ်စတစ်အိတ်များကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို အသိပညာပေး ပြောကြားပြီး ပလတ်စတစ်အိတ်များ ဆက်လက်သုံးစွဲနေခြင်းရှိ/မရှိကို ကြည့်ရှုစစ်ဆေးကာ အင်ဖက်နှင့် သတင်းစာစက္ကူများ ပေးဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၆-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၀၀	၂၀၅၀	၂၀၄၅	၂၀၁၀	၂၀၅၀	၂၀၇၀	၂၀၅၅	၂၀၃၅	၂၁၃၅	၂၁၅၀	၂၀၄၀	၂၀၅၀	၂၀၈၅	၂၀၈၅	၂၀၉၀	၂၃၂၀	၂၇၀၀
95 Ron	၂၁၀၀	၂၁၅၀	၂၁၄၅	၂၁၀၅	၂၁၄၅	၂၁၇၀	၂၁၅၅	၂၁၃၀	၂၂၃၀	၂၂၄၅	၂၁၄၀	၂၁၅၅	၂၁၈၅	၂၁၈၅	၂၁၈၅	၂၄၁၅	၂၈၀၀
HSD (500 ppm)	၁၉၆၀	၂၀၁၀	၂၀၀၅	၁၉၇၀	၂၀၁၀	၂၀၃၀	၂၀၂၅	၁၉၉၅	၂၁၁၅	၂၁၁၀	၂၀၀၀	၂၀၁၅	၂၀၄၅	၂၀၄၅	၂၀၅၀	၂၂၈၀	၂၈၀၀
HSD (50 ppm)	၂၀၄၀	၂၀၉၀	၂၀၈၅	၂၀၅၀	၂၀၉၀	၂၁၁၀	၂၁၀၅	၂၀၇၅	၂၁၉၅	၂၁၉၀	၂၀၈၀	၂၀၉၅	၂၁၂၅	၂၁၂၅	၂၁၃၀	၂၃၆၀	၂၈၆၀
HSD (10 ppm)	၂၀၄၀	၂၀၉၀	၂၀၈၅	၂၀၅၀	၂၀၉၀	၂၁၁၀	၂၁၀၅	၂၀၇၅	၂၁၉၅	၂၁၉၀	၂၀၈၀	၂၀၉၅	၂၁၂၅	၂၁၂၅	၂၁၃၀	၂၃၆၀	၂၈၆၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၉၉	၁၉၇၀
95 Ron	၁၉၉၃	၂၀၆၆
HSD (500 ppm)	၁၈၆၃	၁၉၃၀
HSD (50 ppm)	၁၉၃၇	၂၀၀၅
HSD (10 ppm)	၁၉၃၇	၂၀၀၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်ခွဲနမူနာစုစုပေါင်း ၆၈၈၈ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၂ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၁-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေး၀န်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၈၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၂) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၁) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၀၁,၈၅၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၂၀၂) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၀၂၂) ဦးရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေး၀န်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ၀င်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေး၀န်ကြီးဌာန

❖ ကျောဖုံးမှ

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ၄က်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်နှင့်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

လေ့ကျင့်သင်ကြားပေးလျက်ရှိ

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"သည် ယခုအသက် ၁၁ လသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၈ လက်မ ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၆၀၇ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဌယာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"သည် ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဟာသမြို့တော် ရယ်စရာစင်တင်ဟာသတစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၂၁

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "ဟာသမြို့တော်" ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

"ဟာသမြို့တော်" ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး အကယ်ဒမီအောင်ခိုင်၊ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေနှင့် ရဲလေးမတို့က ပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို "ကမ္ဘာကျော်ရိုက်ကွင်း" ခေါင်းစဉ်ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ MRTV-HD Channel မှ ဇွန် ၂၄ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို ဇွန် ၂၈ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီ သတင်းအပြီးတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင်တစ်ကေလျှင် ၁၀ တင်း ပိုမိုထွက်ရှိနိုင်ရေးအတွက် ပေါင်စနစ်ဖြင့်ပျိုးထောင်ခြင်းကွင်းသရုပ်ပြပွဲကို ကွင်းယားအရှေ့ကျေးရွာအုပ်စု ကွင်းယားအရှေ့ကျေးရွာတွင် ဇွန် ၂၀ ရက်က ပြုလုပ်ရာ ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းစိုးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ ဘော်ဂါသွေး

ဘိုကလေးမြို့နယ်တွင် ပိုက်ဆံလျှော်မြေမြှုပ်ခြင်း လုပ်ငန်း သရုပ်ပြဆောင်ရွက်

ဘိုကလေး ဇွန် ၂၁

ရေဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ယမန်နေ့ နံနက် ၉ နာရီခွဲက ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာအုပ်စုရှိ တောင်သူဦးစံသောင်း၏ ကွင်းအမှတ်(၆၇၀) ဦးပိုင်အမှတ်(၇၂) ၇ ဒသမ ၂ ဧကရှိ လယ်ယာမြေကွက်တွင် ပိုက်ဆံလျှော်မြေမြှုပ်ခြင်း လုပ်ငန်း သရုပ်ပြဆောင်ရွက်သည်။

သရုပ်ပြဆောင်ရွက်ရာတွင် လွန်ခဲ့သော ၄၅ ရက်က ကြဲပက်စိုက်ပျိုးခဲ့သော ပိုက်ဆံလျှော်ပင်များကို ကိုင်းစက်ဖြင့် မောင်းနှင်မြေမြှုပ်ခဲ့ပြီး သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းစိုးဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။ ၂၀၇

ရေဝတီတိုင်းဒေသကြီး ချောင်းသာမြို့စည်ပင်သာယာရေးကော်မတီက အပတ်စဉ်တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ပလတ်စတစ်အိတ်ဖြင့် စျေးမရောင်းချရန်နေ့အဖြစ်သတ်မှတ်ခဲ့ပြီး စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်လှမိုးနှင့် တာဝန်ရှိသူများက ဇွန် ၂၁ ရက်တွင် ရွှေသာယာမြို့မစျေးအတွင်း ကွင်းဆင်းစစ်ဆေးကြစဉ်။ တင်ဝင်းတင်

❍ MNL ပြိုင်ပွဲမှ

ဒုတိယပိုင်းအစတွင်လည်း ဒဂုံစတားအသင်းက ဖိကစားကာ ဂိုးသွင်းခွင့်များရသော်လည်း အဆုံးသတ်မသေချာသဖြင့် GFA အသင်းက ချေပဂိုးပြန်ရခဲ့သည်။ GFA အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၃ မိနစ်တွင် သန်းတိုးအောင်က အဝေးမှ ကန်သွင်းယူခဲ့သည်။ GFA အသင်းသည် ချေပဂိုးပြန်ရသဖြင့် သရေမျှော်လင့်ချက်ရှိလာသော်လည်း မိနစ်အနည်းငယ်သာခံခဲ့ပြီး ၅၇ မိနစ်တွင် တတိယဂိုးပေးလိုက်ရသည်။

ဒဂုံစတားအသင်းအတွက် တတိယဂိုးကို မင်းမြတ်စိုးက အဝေးမှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအပြီးတွင် ဒဂုံစတားအသင်းက ကိုးပွဲကစား ရမှတ် ၁၀ မှတ်၊ GFA အသင်းက ကိုးပွဲကစား ရမှတ် ခုနစ်မှတ် ရရှိထားသည်။

ပွဲစဉ် (၉) ဒုတိယနေ့အဖြစ် ဇွန် ၂၂ ရက် (ယနေ့)တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် ဧရာဝတီအသင်း၊ YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မစျေးအတွင်း ပလတ်စတစ် သုံးစွဲမှုမရှိစေရေး ကြည့်ရှုစစ်ဆေး

ရေကြည် ဇွန် ၂၁

ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ မြို့မစျေးအတွင်း၊ အပြင်စျေးရောင်းစျေးဝယ်ပြည်သူများကို ပလတ်စတစ်အစား ၄က်ပျောဖက်၊ ကြာဖက်၊ အင်ဖက်၊ သတင်းစာစက္ကူများ အသုံးပြုရန်အတွက် ယနေ့နံနက် ၈ နာရီက ကြည့်ရှုဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးခြင်းများ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ပလတ်စတစ်မသုံးစွဲရေးအသိပညာပေးခြင်း၊ စျေးရောင်း၊ စျေးဝယ်ပြည်သူများ အနေဖြင့် အသားငါးများနှင့်ဟင်းသီး၊ ဟင်းရွက်များ၊ အသုံးအဆောင်ပစ္စည်းများကို အရောင်း၊ အဝယ်ပြုလုပ်ရာတွင် ပလတ်စတစ်အိတ်အစား ကြာဖက်၊ အင်ဖက်၊ ၄က်ပျောရွက်၊ သတင်းစာစက္ကူများ စသည့် ပစ္စည်းများဖြင့် အစားထိုးသုံးစွဲစေရန် လိုက်လံစစ်ဆေး၍ အသိပညာပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ပေါင်မြို့နယ်၌ တိရစ္ဆာန်အစာ နေပီယာမြက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်

ပေါင် ဇွန် ၂၁

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်အစာ နေပီယာမြက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ပိုင်းက ကျခတ်ဥကျေးရွာရှိ တောင်သူတစ်ဦး၏ စိုက်ပျိုးမြေ တစ်ဧကခွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြသစိုက်ပျိုးရာတွင် ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်ဌေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မွေးမြူရေးလုပ်ကိုင်ကြသူများ တက်ရောက်စိုက်ပျိုးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုမရှိစေရေး စစ်ဆေး

မော်လမြိုင်ကျွန်း ဇွန် ၂၁

ရေဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး လုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၈ နာရီက အမှတ်(၁၀) ရပ်ကွက် ဗိုလ်ချုပ်စျေးအတွင်း လိုက်လံစစ်ဆေးခဲ့သည်။

အဆိုပါ လုပ်ငန်းစဉ်အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်နှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်လတ်နှင့် မြို့နယ်ဝန်ထမ်းများက စျေးအတွင်း၌ ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေများတွင် ပလတ်စတစ်လုံးဝ သုံးစွဲမှုမပြုရန် ရှင်းလင်းပြောကြားခဲ့ပြီး လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သက်ရှည်ကျွန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ဇွန် ၁၈ ရက် ကုန်သွယ်မှုအခြေအနေ

မူဆယ် ဇွန် ၂၁

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်အနေဖြင့် ဇွန် ၁၈ ရက်တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၆ ဒသမ ၆၉၅ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၈၈၀ သန်း၊ ကုန်သွယ်မှုပမာဏကန်ဒေါ်လာ ၈ ဒသမ ၅၇၅ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

ဇွန် ၁ ရက်မှ ၁၈ ရက်အထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၂၆ ဒသမ ၆၄၈ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၃၅ ဒသမ ၅၇၆ သန်း၊ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၆၂ ဒသမ ၂၂၄ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်းတစ်ယွမ်လျှင် ၂၉၅ ဒသမ ၄၀၆ ကျပ်ဖြင့် တွက်ချက်ထားရှိသည်။

ဇွန် ၁၂ ရက်မှ ၁၈ ရက်အတွင်း အများဆုံး အမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကျောက်စိမ်း ၇၉ ဒသမ ၃၈၉ တန်၊ ငါးရှဉ့် ၃၀၃ ဒသမ ၁၆၀၊ ဝါဂွမ်း ၅၄၈ ဒသမ ၁၅၈ တန်၊ ကဏန်း ၂၀၀ ဒသမ ၁၂၅ တန်၊ ကြက်သွန်နီ ၂၅၅၂ ဒသမ ၅၀၀၊ သရက်သီး ၁၆၅၁ ဒသမ ၈၀၀၊ ဆန်ကွဲ ၁၄၉၄ ဒသမ ၅၀၀၊ ကြေးနီ ၁၀၁ ဒသမ ၇၀၀၊ ပုစွန်ဖွဲ ၆၁၂ ဒသမ ၇၅၀ နှင့် ခဲသွပ်အရောသတ္တု ၃၄၆ တန်တို့ဖြစ်သည်။

ဇွန် ၁၂ ရက်မှ ၁၈ ရက်အတွင်း အများဆုံး အမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ ၊ ဒီဇယ်/ဓာတ်ဆီ၊ CMP စက်ရုံသုံးကုန်ကြမ်းပစ္စည်းများ၊ သွပ်လိပ်၊ ဆိုလာပြား၊ သံပိုက်၊ အလူမီနီယံသံပေါင်း၊ ဓာတ်မြေသြဇာ၊ အစားအစာထုပ်ပိုးသည့် ပလတ်စတစ်အကြည်လိပ်၊ သံချောင်းတို့ဖြစ်သည်။

ဇွန် ၁၂ ရက်မှ ၁၈ ရက်အတွင်း အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအား ကျောက်စိမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၃၁၀၄ ဒသမ ၆၀၂ နှုန်း၊ ငါးရှဉ့်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၉၅ ဒသမ ၃၁၀ နှုန်း၊ ဝါဂွမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၇၉၅ ဒသမ ၇၂၈ နှုန်း၊ ကဏန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၆ ဒသမ ၈၃၃ နှုန်း၊ ကြက်သွန်နီတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၂၈ ဒသမ ၈၈၈ နှုန်း၊ သရက်သီးတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၂ ဒသမ ၉၈၁ နှုန်း၊ ဆန်ကွဲတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၂ ဒသမ ၁၉၅ နှုန်း၊ ကြေးနီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၉၀၉ ဒသမ ၉၁၄ နှုန်း၊ ပုစွန်ဖွဲ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၀ ဒသမ ၂၅၅ နှုန်း၊ ခဲသွပ်အရောသတ္တုတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၂၇ ဒသမ ၃၀၀ နှုန်းဖြင့် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

The 10th Mining Congress (AMC) and International Mining Exhibition (IME) 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်

နေပြည်တော် ဇွန် ၂၁

The 10th Mining Congress (AMC) and International Mining Exhibition (IME) 2023 ကို အိန္ဒိယသမ္မတနိုင်ငံ ကော်လ်ကတ္တားမြို့၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန် ဖိတ်ကြားလာသည်။

အဆိုပါ AMC နှင့် IME တို့အား The Mining, Geological & Metallurgical Institute of India (MGMI)မှ တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပလျက်ရှိရာ (၁၀)ကြိမ်မြောက် AMC ကို ကော်လ်ကတ္တားမြို့ရှိ Taal Kutir Convention Center ၌လည်းကောင်း၊ IME ကို Rajarhat ရှိ Eco Park ၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

AMC ကို ကျင်းပခြင်းဖြင့် အာရှဒေသမှနိုင်ငံများအကြား သတ္တုထုတ်လုပ်ရေး၊ တူးဖော်ရေးဆိုင်ရာ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြင့်လာစေမည်ဖြစ်ကြောင်း၊ MGM ၏ အစည်းအဝေးဆိုင်ရာ အချက်အလက်များအရ AMC နှင့် IME တို့အား ပြည်ပမှ တက်ရောက်လိုသူများအနေဖြင့် လျှောက်လွှာကြေး အမေရိကန်ဒေါ်လာ ၁၀၀၀ ပေးသွင်းရမည်ဖြစ်ကြောင်း၊ အဆိုပါပြပွဲသို့အင်ဂျင်နီယာများ၊ လုပ်ငန်းရှင်များ၊ သိပ္ပံပညာရှင်များနှင့် ဓာတုသတ္တုနှင့် သတ္တုတူးဖော်ရေးဆိုင်ရာပညာရှင်များ တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်တက်ရောက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း-၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်အတွင်း စီးပွားဖြစ်စိုက်ပျိုးလာသော ရုံးပတီသီး

ကျောက်ဆည် ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးလက်နေတောင်သူများသည် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း စသည့်သီးနှံများ စိုက်ပျိုးသည့် အပြင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပင်များကိုလည်း ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးကြရာ ရုံးပတီသီး သီးနှံများကို ယခင်က မိသားစု စားသုံးရန်နှင့် အပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရာမှ ယခုအခါ စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ ရုံးပတီပင်သည် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဝင်ငွေရလွယ်သော သီးနှံတစ်မျိုးဖြစ်သည့်အတွက် တောင်သူများတွက်ခြေကိုက်ပြီး စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးသောမျိုးများမှာ ပင်ပုမျိုး၊ ပင်လတ်မျိုးနှင့် ပင်မြင့်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး ၄၅ ရက်အကြာတွင် စတင်ခူးဆွတ်ရပြီး နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ပေးရကြောင်း၊ တစ်ဧကလျှင် ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၃၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ စျေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀-၁၀၀၀ စျေးနှုန်းများရရှိပြီး အထွက်နှုန်းအနေဖြင့် ပိဿာ ၁၀၀၀ ခန့်ထွက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် စျေးနှုန်းအပေါ်မူတည်၍ အကျိုးအမြတ်ရရှိကာ မိသားစုဝင်ငွေတိုးပွားစေသည့် ရုံးပတီသီး သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

၂၁-၆-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးစျေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

စဉ်	မြို့အမည်	ဆန်(တစ်ပြည်)		ဆီ(တစ်ပိဿာ)		စားဖိုဆောင်သုံး (တစ်ပိဿာ)												အသား၊ ငါး(တစ်ပိဿာ)				
		ဧည့်မထ	ငစိန်	ပဲဆီ	စားအုန်းဆီ	ငရုတ်ခြောက်	ကြက်သွန်နီ	ကြက်သွန်ဖြူ(ရှမ်းစ)	ကြက်သွန်ဖြူ(ကြူကုတ်)	နနွင်းတက်	ချင်း	ဆား	မြေပဲ	ကုလားပဲဝါ	မန်ကျည်းသီး	အာလူး	သကြား	ကြက်	ဝက်	အမဲ	ဆိတ်	ငါးမြစ်ချင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀	၂၁	၂၂	၂၃
၁	မြစ်ကြီးနား	၃၂၀၀		၉၀၀၀	၇၂၀၀	၁၈၀၀၀	၂၈၀၀	၇၀၀၀	၇၅၀၀	၃၅၀၀	၇၀၀၀	၁၀၀၀	၈၃၀၀	၆၈၀၀	၄၅၀၀	၃၀၀၀	၃၈၀၀	၁၃၀၀	၂၂၀၀	၁၈၀၀	၂၆၀၀	၁၄၀၀
၂	လားရှိုး	၂၈၀၀	၂၈၀၀	၁၄၀၀	၈၀၀	၂၀၀၀	၃၀၀	၄၅၀၀	၅၀၀	၃၀၀	၅၅၀	၆၀	၇၅၀	၅၅၀	၃၀၀	၃၅၀	၃၂၀	၁၂၀	၂၀၀	၁၀၀	၃၀၀	၁၂၀
၃	ကျိုင်းတုံ	၃၂၀		၁၆၀၀	၇၃၀	၁၈၀၀	၃၀၀	၈၀၀	၈၀၀	၄၀၀	၃၀၀	၁၀၀	၈၅၀	၆၅၀	၃၈၀	၃၅၀	၄၀၀	၁၄၀	၂၂၀	၂၄၀		၁၁
၄	တောင်ကြီး	၃၂၀	၂၆၀	၉၅၀	၆၆၀	၂၂၀	၃၀၀	၆၅၀	၆၅၀	၃၅၀	၃၇၀	၆၀	၈၀	၆၀	၄၀	၃၂	၃၅	၁၉	၁၉	၁၅	၁၈	၁
၅	လွိုင်ကော်	၃၈၀	၂၉၀	၁၇၀	၈၈	၃၈၀	၃၃	၅၀	၅၇	၅၅	၄၅	၆၀	၈၀	၆၀	၃၇	၃၅	၄၀	၁၄	၁၉	၁၈	၂၇	၁
၆	ဘားအံ	၂၇၀		၁၂၀	၇၀	၁၆၀	၂၇	၇	၈	၅	၇	၈	၃၀	၆	၃	၂၅	၃	၁	၁၆	၂	၃	၁
၇	မော်လမြိုင်	၂၈		၁၄	၇	၁	၂	၈	၉	၆	၁	၁	၁	၇	၅	၂	၃	၁	၁	၁	၁	၁
၈	ထားဝယ်	၄		၁	၇	၁	၂	၇	၇	၄	၈	၇	၆	၆	၆	၃	၃	၁	၁	၁	၂	
၉	မြိတ်	၃		၁	၆	၁	၂	၇	၈	၄	၉	၇	၇	၆	၄	၃	၄	၁	၁	၁	၂	
၁၀	ရန်ကုန်	၂	၂	၄	၄	၁	၂	၈	၈	၈	၄	၆	၆	၆	၄	၂	၃	၂	၁	၁	၂	၁
၁၁	ပုသိမ်	၂		၃	၆	၁	၂	၇	၇	၅	၆	၄	၆	၆	၄	၃	၃	၁	၁	၁	၂	၁
၁၂	စစ်တွေ	၃	၂	၁	၇	၂	၃	၉	၉	၅	၆	၆	၈	၆	၂	၄	၃	၁	၂	၂	၂	
၁၃	ဟားခါး	၄		၁		၂	၃	၅			၃	၁		၆		၄	၅	၁	၁	၁		၁
၁၄	မုံရွာ	၄		၃	၆	၁	၂	၆	၈	၆	၅	၈	၆	၆	၄	၂	၃	၁	၂	၃	၂	၈
၁၅	မန္တလေး	၃	၂	၃	၆	၂	၂	၆	၈	၄	၅	၈	၆	၆	၂	၃	၃	၁	၁	၁	၂	၁
၁၆	ပခုက္ကူ	၃		၃	၆	၂	၂	၈	၇	၅	၅	၆	၇	၇	၃	၃	၄	၁	၂	၁	၂	၇
၁၇	မကွေး	၃		၁	၆	၁	၂	၅	၅	၆	၃	၁	၆	၇	၅	၂	၃	၁	၃	၁	၂	၇
၁၈	ပြည်	၂		၃	၆	၂	၂	၆	၈	၅	၈	၆	၆	၆	၄	၂	၂	၁	၂	၁	၂	၉
၁၉	ပဲခူး	၂		၃	၆	၁	၂	၆	၇		၈	၆	၈	၆	၃	၃	၃	၁	၁	၁	၂	၆
၂၀	ပျဉ်းမနား	၃		၃	၆	၁	၂	၆	၇	၄	၅	၇	၇	၅	၅	၂	၃	၃	၃	၃	၂	၁
၂၁	နေပြည်တော်	၃		၃	၆	၁	၂	၆	၇	၄	၆	၇	၇	၅	၅	၂	၃	၃	၃	၃	၂	၁
၂၂	ကလေး	၃	၃	၃	၇	၂	၂	၄	၆	၄	၆	၇	၈	၆	၄	၃	၃	၁	၁	၁	၂	၈

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် တောင်ကြီးတွင် ၂၀၀ကျပ် ၊ မန္တလေးတွင် ၄၀၀ကျပ် ၊ ပဲဆီ တစ်ပိဿာလျှင် ဟားခါးတွင် ၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မော်လမြိုင်နှင့် ပုသိမ်တွင် ၁၀၀၀ကျပ်၊ စစ်တွေတွင် ၅၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် လွိုင်ကော်တွင် ၅၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လွိုင်ကော်နှင့် မြိတ်တွင် ၅၀၀ကျပ်၊ ပုသိမ်တွင် ၁၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် လွိုင်ကော်နှင့် ပခုက္ကူတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ကျိုင်းတုံ၊ စစ်တွေ၊ ပခုက္ကူနှင့် ပဲခူးတွင် ၅၀၀ကျပ် ၊ တောင်ကြီးတွင် ၂၀၀ကျပ် ၊ မြေပဲဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၃၀၀ကျပ် ၊ လွိုင်ကော်တွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၃၀၀ကျပ်၊ လွိုင်ကော်တွင် ၂၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ် ၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ် ၊ ထားဝယ်တွင် ၁၀၀ကျပ် ၊ ပုသိမ်တွင် ၅၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပုသိမ်တွင် ၃၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် လွိုင်ကော်တွင် ၁၀၀၀ကျပ် စျေးတက်ခဲ့ပါသည်။

(၂) ငရုတ်ခြောက် တစ်ပိဿာလျှင် မြိတ်နှင့် ထားဝယ်တွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀၀ကျပ်၊ မန္တလေးတွင် ၅၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် ဟားခါးတွင် ၁၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀၀ကျပ် စျေးကျခဲ့ပါသည်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက်ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒဂ္ဂီဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာရုံစေတီ ၁ ဆု(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ)	၂၃၉. ၀၀	၃၂၀ ဆု	၃၂၀ ဆု	-
၂။	သာသနာ့ဝိဟာရတော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ	၆၀၀၀၀	၁ လုံး	၁၉၂၉၃ သိန်း	၄၀၇၀၇ သိန်း
၃။	သုမ္မောဇရပ်(၅၄×၃၀×၃၂)ပေ	၂၉၇၀. ၀၀	၆	၅	၁
၄။	ဂေါပကရုံး(၄၈×၂၄×၂၉)ပေ	၄၈၁၀. ၀၀	၁	-	၁
၅။	မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ	၈၀၇၉	၁	၁	-
၆။	အဝင်မုခ်ဦး(အနောက်ဘက်)	၂၈၆၅	၁	၁	-
၇။	ရွှေ့လျားစက်လှေကား(Walking Escalator)				
	(က) Acrylic အမိုးအကာလုပ်ငန်း	၂၂၇၁. ၅၅	၂	-	၂
	(ခ) Civil Work လုပ်ငန်း၊	၁၆၄၂. ၁၅	၂	-	၂
၈။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅. ၀၀	၁၈ ခု	၄ ခု	၁၄ ခု
၉။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၄၉၄. ၀၀	၉ တိုင်	၆ တိုင်	၃ တိုင်
၁၀။	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၇၂. ၀၀	၂၀၀ ခန်း	၁၇ ခန်း	၁၈၃ ခန်း
၁၁။	မြန်မာမှုတစ်ဖက်လှုံ့ခြစည်းရိုး ၂၇ ပေခန်း	၃၁. ၀၀	၄၅၅ ခန်း	၉၈ ခန်း	၃၅၇ ခန်း
၁၂။	မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၃၂. ၀၀	၅၀ တိုင်	၂ တိုင်	၄၈ တိုင်
၁၃။	လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင်	၁၆. ၈၅	၂၀၈ တိုင်	-	၂၀၈ တိုင်
၁၄။	Garden Light (၄ မီတာ) ၁ တိုင်လျှင်	၁၉. ၀၀	၃၆၆ တိုင်	၁၀ တိုင်	၃၅၆ တိုင်
၁၅။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ)	၇. ၀၀	၆၅၂ ခု	၁၅၆ ခု	၄၉၆ ခု
၁၆။	စကျင်ကျောက်ပြား ၁ ကျင်းနှုန်း	၈. ၅၀	၇၅၇၆. ၃၅ ကျင်း	၅၁ ကျင်း	၇၅၂၅. ၃၅ ကျင်း
၁၇။	မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)	၄. ၅၀	၂၁၈. ၁၄ ကျင်း	၂၉ ကျင်း	၁၈၉. ၁၄ ကျင်း
၁၈။	ကွန်ကရစ် ၈ လက်မထုခင်းခြင်း	၆. ၅၀	၈၄၇၃ ကျင်း	၁၉ ကျင်း	၈၄၅၄ ကျင်း
၁၉။	မုစလိန္ဒအိုင်	၂၂၇၃၁. ၀၂	၁	၈၉၉၁ သိန်း	၁၃၇၄၀. ၀၂ သိန်း
	(က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း	၆၇၁၀. ၅၉	၁	-	၁
	(ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း	၃၆၀၆. ၃၆	၁	-	၁
	(ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း				
	၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၀. ၈၅	၁	-	၁
	၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၀. ၈၅	၁	-	၁
	၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ)	၂၅၉၄. ၂၆	၁	-	၁
	၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ)	၂၂၃၆. ၄၀	၁	-	၁
	(ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း)	၈. ၅၀	၃၁၇. ၆၅	-	၃၁၇. ၆၅
	(င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း	၂၅. ၂၀	၄၃	-	၄၃
	(စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း				
	၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း	၅၄၀. ၀၀	၁	-	၁
	၂။ အပြင်ရေဆက်သွယ်ခြင်း	၃၂၀. ၀၀	၁	-	၁
၂၀။	ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ)	၂၁၉. ၀၀	၁၂၃ ခု	၃ ခု	၁၂၄ ခု
၂၁။	ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၁၂. ၀၀	၁၀၀၀ စုံ	၆၀၂ စုံ	၃၉၈ စုံ
၂၂။	ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၂၀. ၀၀	၅၀၀ စုံ	၂၈၄ စုံ	၂၁၆ စုံ

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦးများအတွက် **ကြီတင်လှာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၅၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၁၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆

အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

ပိဋကတ်ကျောက်စာမမွေစေတီတော်နှင့်သာသနိကအဆောက်အဦ

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၄၂၅။	ဦးသိန်း၀င်း+ဒေါ်စန်းရီနှင့်သားသမီးများဖြစ်ကြသော ဗိုလ်ချုပ်ကျော်ရွှေထွန်း+ဒေါ်ဥမ္မာ၀င်း၊ ဦး၀င်းကျော်ဌေး+ဒေါ်စပ္ပါယ်၀င်း၊ ဒေါ်မဉ္ဇူ၀င်း၊ ဦးကျော်ဆန်း၀င်း+ဒေါ်ခိုင်ယဉ်မွေးမိသားစုများကောင်းမှု (ဓမ္မစေတီတော်-၁ ဆု ဒုတိယအကြိမ်)	၂၂၉၀၀၀၀၀
၄၄၂၆။	နှစ်ဖက်မိဘများအားအမှူးထား၍ ဝဏ္ဏကျော်ထင် ဦးကိုကိုလွင်(အဖွဲ့.ဝင်၊ ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင်)နှင့်ဇနီး ဒေါ်မြင့်မြင့်မော်၊ (သား)မောင်ငြိမ်းခန့်ကို+မယွန်း၀တီဦး၊ (သမီး)မသီရိမေသူ၊ မပန်းမြတ်သီရိ မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆု တတိယအကြိမ်)	၅၀၀၀၀၀၀
၄၄၂၇။	ဗိုလ်မှူးကြီးနေ၀င်းဦး(ငြိမ်း)+ဒေါ်စီစီ၀င်း၊ (သား)ဦးဇော်လင်းဦး+ဒေါ်ကက်တာယဉ်မိုးသွယ်၊ (သမီး)ဒေါ်ကက်တာ အိအိလင်းဦး+ဦးပြည့်စုံထိုက်၊ (သမီး)ဒေါ်စုစုလင်းဦး+ဒေါ်ကက်တာချစ်ဖြိုးလွင်၊ (သမီး)ဒေါ်ကက်တာမို့မို့လင်းဦး+ဒေါ်ကက်တာကျော်ကျော်နိုင်၊ မြေးများမိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆု ဒုတိယအကြိမ်)	၁၇၉၀၀၀၀၀
၄၄၂၈။	နှစ်ဖက်သောမိဘများအားရည်စူး၍ ဗိုလ်မှူးကြီးစိုးလွင်ကျော်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မမမြိုင်၊ သမီးကြီး၊ သမီးငယ် မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆု ဒုတိယအကြိမ်)	၁၇၉၀၀၀၀၀
၄၄၂၉။	ဦးရာလှိုင်နှင့်ဇနီး ဒေါ်ခင်မေကြည်မိသားစုကောင်းမှု (သာသနာ့ဝိဟာရတော်အတွက်လှူဒါန်းခြင်း)	၁၀၀၀၀၀၀၀
၄၄၃၀။	ဦးသန်းဌေးနှင့်ဇနီး ဒေါ်နွဲ့နွဲ့၀င်းမိသားစုကောင်းမှု (မြန်မာမှုတစ်ဖက်လှုံ့ခြစည်းရိုး-၁ ခန်း)	၃၁၀၀၀၀
၄၄၃၁။	ဒေါက်တာအောင်ကြီး(ဒုတိယ၀န်ကြီး)နှင့်ဇနီး ဒေါက်တာခင်လှလှ မိသားစုကောင်းမှု (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း-၃ ခု)	၂၁၀၀၀၀၀

သာသနိကအဆောက်အဦ

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၄၃၂။	မိဘများအားအမှူးထား၍ ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး ဒေါ်တင်မိုးနွယ်မိသားစုကောင်းမှု (High Mast လှူဒါန်းခြင်း)	၄၉၄၀၀၀၀၀
၄၄၃၃။	ဦးသန်းထက်အောင်	၁၉၉၀၀၀၀၀
၄၄၃၄။	ကွယ်လွန်သူအရာခံဗိုလ်ခင်မောင်(ငြိမ်း)နှင့်ဇနီး ဒေါ်တင်လေးမိသားစုကောင်းမှု (မြန်မာမှုတစ်ဖက်လှုံ့ခြစည်းရိုး-၁ ခန်း)	၃၁၀၀၀၀၀
၄၄၃၅။	ဗိုလ်မှူးစိန်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်အုန်းနွယ်၊ (သား)ဦးမျိုးသန့်ထွန်းနှင့်ဇနီး ဒေါ်သိဂီမြင့်၊ (သမီး)ဦးလှ၀င်းအောင်နှင့်ဇနီး ဒေါ်ကေသီထွန်း၊ (သား)ဦးအောင်ကိုထွန်းနှင့်ဇနီး ဒေါ်ယမင်းသိဂီ၊ (သမီး) ဦးရဲရန်နောင်နှင့်ဇနီး ဒေါ်သီတာထွန်းမိသားစုကောင်းမှု (မြန်မာမှုတစ်ဖက်လှုံ့ခြစည်းရိုး-၁ ခန်း)	၃၁၀၀၀၀၀
၄၄၃၆။	ဦးတင်ရွှမ်း၊ ဗိုလ်မှူးကြီးအောင်အေး(ငြိမ်း)မိသားစုကောင်းမှု	၁၀၀၀၀၀၀
၄၄၃၇။	ဦးစိုးနိုင်ဦးနှင့်ဇနီး ဒေါ်အေးအေးမြင့်၊ (သမီး)မအိမြတ်မိုးဦး၊ မဆုဆုယမင်းစိုးမိသားစုကောင်းမှု (တောင်ကြီးမြို့)	၁၀၀၀၀၀၀
၄၄၃၈။	နှစ်ဖက်သောမိဘအဘိုးအဘွားများအားရည်စူး၍ ကိုဟန်ထူးနှင့်ဇနီး မနန္ဒာ၀င်း၊ (သမီး)မငြိမ်းစုဟန်၊ မသီရိစုဟန်၊ (သား)မောင်ထူးတေဇာ၀င်းမိသားစုကောင်းမှု	၁၀၀၀၀၀၀
၄၄၃၉။	ကွယ်လွန်သူမိခင်ကြီးဒေါ်ခင်ကြည်၏ ကွယ်လွန်ခြင်း(၁၁)နှစ်ပြည့်တွင် နှစ်ဖက်မိဘများဖြစ်သော ဦးမေ့းနှင့်ဇနီး ဒေါ်ခင်ကြည်၊ ဦးဟန်တင့်နှင့်ဇနီး ဒေါ်တင်ကြည်တို့အားရည်စူး၍ ဦးကျော်ကျော်စိုး+ဒေါ်ခင်သန်း၀င်းမိသားစုကောင်းမှု (ဒိုက်ဦးမြို့)	၁၀၀၀၀၀၀
၄၄၃၀။	ကွယ်လွန်သွားသော နှစ်ဖက်ဘိုးဘွားမိဘများနှင့် ဇနီး(ဒေါ်နန်းအေးအိန်)တို့အားရည်စူး၍ အရာခံဗိုလ်စောအေးကို(ငြိမ်း)၊ သား၊ သမီးမိသားစုကောင်းမှု (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း-၁ ခု)	၇၀၀၀၀၀

ပိဋကသုံးပုံကျမ်းစာအုပ်

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၄၃၁။	သူရဦးမြင့်မောင်(ပြည်ထောင်စု၀န်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးထွန်းမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁၁ စုံ)	၂၂၀၀၀၀၀
၄၄၃၂။	(ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်)စာရင်းစစ်ရုံး၀နထမ်းမိသားစုများကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၄၃၃။	တပ်ကုန်းမြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၄၃၄။	ဦးခင်မောင်ဝင်းနှင့်ဇနီး (ဒေါ်ရီရီမြင့်)နှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၄၃၅။	(ဦးစိုးထွန်းအောင်)နှင့်ဇနီး ဒေါ်စိန်မြင့်တင်နှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၄၃၆။	ဗိုလ်မှူးစံလင်း(ငြိမ်း)နှင့်ဇနီး ဒေါ်တင်အုန်း၊ (သား)ဗိုလ်ကြီးဟိန်းထက်လင်း(ငြိမ်း)နှင့်ဇနီး ဒေါ်နန်းပြုံးဖွင့်ခိုင်၊ (သား)ဦးကျော်စွာလင်းနှင့်ဇနီး ဒေါ်နင်းလဲ့လဲ့စန်း၊ (မြေး) မသုလ၀နန်းထက်၊ မောင်ရွှေဘုန်းဟိန်းမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၄၃၇။	နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးအောင်မြင့် နှင့်ဇနီး ဒေါ်ဌေးဌေးမြင့်၊ (သား)မောင်အောင်ငြိမ်းထွန်း၊ မောင်ချမ်းငြိမ်းနှင့်ဇနီး မအေ၀ရယ်ခင်အောင်၊ မောင်မြတ်မင်းသူမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၄၃၈။	ဦးတေဇာ၀င်းနှင့်ဇနီး ဒေါ်မြင့်မြင့်သိုက်၊ (သား)မောင်နေလင်းထွန်း၊ (သမီး)ခဆုမြတ်ချယ်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၄၃၉။	တပ်ခွဲတပ်ကြပ်ကြီးတင်မိုး(ငြိမ်း)နှင့်ဇနီး ဒေါ်သန်းသန်းအေး၊ (သမီး)မစုဇင်မိုးအေးမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး၃၀အေအမိန့်-၅၊ နည်း၃၀အေ-၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀

ဒေါ်လဲ့လဲ့ခိုင် နှင့် ဦးဝင်း
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄) ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်-(၂၀၃)နေ ဦးဝင်း(ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃)ရက် (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁ ရက်နေ့)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ၎င်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိုးမိုးအောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ပျောက်ဆုံးကြောင်း

မအေးမြင့်ခိုင် [၈/အလန(နိုင်) ၂၆၃၀၁၇] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph-09-672502746

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၀/မြို့မ မြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၈၂)ဧကရှိ မြေကွက်အမှတ် (၀.၅၁၅)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးဝိုးလုံးမှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့် ရက်မှစ၍(၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်) မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက္ကံ၊ (၁၆)ရပ်ကွက်၊ တောင်ဥလမ်း၊ အမှတ် (၆၂၈)နေ ဦးအောင်ကျော်ဦး (၁၂/ဥကမ(နိုင်)၁၃၈၀၁၂) နှင့် ဒေါ်သန်းသန်းဝင်း (၁၄/ဘကလ (နိုင်) ၀၆၄၄၁၈)တို့၏ သားဖြစ်သူ **မောင်ကျော်စိုးဟန်** (၁၂/ဥကမ (နိုင်) ၂၁၉၁၈၃)သည် မိဘများ၏ဆိုဆုံးမခြင်းကို နာခံခြင်းမရှိသည့်အပြင် မိဘများ၏ဂုဏ်သရေ ညှိုးနွမ်းအောင်လုပ်ဆောင်နေခြင်းများကြောင့် ယခုမှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ငွေကြေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းများကို လုံး၀ (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

ဒေါ်ကြည်ကြည်ဝင်း (LL.B., D.B.L)
ဦးအောင်ကျော်ဦး၊ ဒေါ်သန်းသန်းဝင်း တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၈)
အမှတ် (၂၂၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ၂-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၉၃၃၅၅၅၆၁၁၊ ၀၉ ၄၄၃၂၁၁၁

ဒေါ်ခင်ဦးသီတာမော် LL.B
ဒေါ်ခင်ဦးသီတာမော် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၁၂)
ဝ၉-၂၀ ၆၀၀၀၃၊ ဝ၉-၄၄၄၄၇၄ ၆၀၂၊ ဝ၉-၄၄၄၄၇၄ ၆၀၃

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရန်ကုန်-သန်လျင်တံတားအနီး၊ ကြယ်စင်ပြို့တော် အိပ်ရာစီမံကိန်းအတွင်းရှိ ဇုန်(City Loft)၊တိုက်အမှတ်(CL-7)(A 2)၊အခန်းအမှတ်(၁၁၄)၊ ဧရိယာ(၄၈၄)စတုရန်းပေအကျယ်ရှိ ကျွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဃင်လားဝိန်ငါ(၅/ကလထ(နိုင်) ၂၁၆၇၇)ထံမှ ကျွန်ပ်တို့၏မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက် အထားများနှင့်တကွ ကျွန်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ဦးသီတာမော် LL.B **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၁၂)**
ဝ၉-၂၀ ၆၀၀၀၃၊ ဝ၉-၄၄၄၄၇၄ ၆၀၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၅၀၊မြေကွက်အမှတ်-၈၁၈၊မြေကွက်တည်နေရာအမှတ်-၈၁၈၊ဗိုလ်ရာညွှန့်လမ်း၊(၅၀)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဒေါ်ခင်သန်း(ISN-၅၄၆၇၂၂)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(၈ရန်)မြေအားအမည်ပေါက်-ဒေါ်ခင်သန်း(တရားပြိုင်)ထားကာဒေါ်ခင်မာကြည်၊ဒေါ်ဟေမာဝင်းတို့မှ(တရားလို) ပြုလုပ်၍ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ်(၁၂၂/၂၀၂၂)အရပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုအပေါ်မြေနှင့်အိမ်အပါအဝင်ပတ်သက်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ်ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်တရားစွဲဆိုခဲ့ခြင်းအပေါ်အနိုင်ဒီကရီချမှတ်လိုက်သည့်(၂၄-၁-၂၀၂၃)ရက်စွဲပါစီရင်ချက်၊ဒီကရီနှင့်တရားမဇာရီမှုအမှတ်(၁၃/၂၀၂၃)တို့အရတရားရုံးကိုယ်စားတရားရုံးဘီလစ်ခေါ်လဲ့လဲ့ခိုင်(၁၃/တကန(နိုင်)၀၀၃၄၁၁)မှတရားရုံး၊အမိန့်များ၊ဘီလစ်ခန့်စာ၊ဂရန်၊နိုင်/ကတ်တို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(၃တိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈၁)ရပ်ကွက်၊ ဝေပုလ္လ(၅)လမ်း၊ အမှတ်- ၂၂၄၊ မြေအကျယ် ပေ(၄၀x၆၀)ပေါ်တွင် ဆောက်လုပ်ထားသော ၂ ခန်းတွဲ၊ ၆ ထပ်တိုက်၏ ဒုတိယထပ် (တတိယလွှာ) (တိုက်ကိုမျက်နှာမလွှဲင-ညာဘက်) တိုက်ခန်းအကျယ် ပေ(၁၈x၅၄)ရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် တိုက်ခန်းဆောက်လုပ်သူ ကန်ထရိုက်တာ (၄)ဦးအနက်မှ တစ်ဦးအပါအဝင်ဖြစ်သူ ဒေါ်ဇင်မင်းမင်းဝင်းထံမှ ဒေါ်နွေးနွေးအောင်သည် ဝယ်ယူပိုင်ဆိုင်ပြီး၊ ဒေါ်နွေးနွေးအောင်ထံမှတစ်ဆင့် ယခုရောင်းချသူများဖြစ်သည့် ဦးချာလီထွန်း+ဒေါ်စိုးစိုးရီတို့မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိ ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံကြသည့် အပြင်၊ မြေရှင်ဖြစ်သူတို့မှလည်း မှန်ကန်ပါကြောင်း ထပ်ဆင့်ဝန်ခံပါသဖြင့် ဒေါ်အိသူသူအောင် [၁၂/ဥကတ(နိုင်)၁၇၅၈၆၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အိသူသူအောင်၏ ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေခိုင်(၁) ဒေါ်မြမြွေး(H.G.P, LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)
ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၅၄၀၇၂၂၉

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁၊ မြေကွက်အမှတ်-၁၁၈၂ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၁၈၂ ပြည်လုံးချမ်းသာလမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်သန်းညွန့်, အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အားဆက်စပ်စာချုပ်များအရ ရောင်းသူ ဒေါ်တင်ဆွေမြင့် [၁၃/တကန(နိုင်)၁၆၉၉၄၆]မှ အရှုပ်အရှင်း ကင်းရှင်းစွာဖြင့် လက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိသည့်မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းမော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)
အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ ပုလဲငွေရောင်(၃)လမ်း၊ မြေကွက် အမှတ်(၄၇၁/က)၊ မြေအကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ မြေဧရိယာ (၁၂၀၀) စတုရန်းပေရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေဈေးတွင် ဦးစိန် (MUN-၁၂၅၆၆၄) အမည်ပေါက်သည့် ပါမစ်မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသေးသည့် ခေါင်းရင်းဘက်ခြမ်းဖြစ်သည့် မြေအကျယ်အဝန်း (၁၀ ပေ x ၆၀ ပေ)၊ မြေဧရိယာ (၆၀၀) စတုရန်းပေရှိ မြေကွက်နှင့်တကွ မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ဖခင် နှင့် မိခင်တို့ ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်သည့်သားထံမှ အရပ်ကတစာချုပ်ဖြင့် ယခုလက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးပိုင်ထွန်း [၁၂/လမန(နိုင်)၁၃၂၅၅၇]မှ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မြတ်သန္တာဇော် LL.B, D.IT တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၂)
အမှတ်(၁၂၀/၁)၊ ဒေ၀ဒဟ(၃၃)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၄၁၂၊ ၀၉-၇၉၆၃၄၅၃၃

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြတောင်ဝန်ကြီးဦးမှိုလမ်း၊ အမှတ်-၃၆၆ နေ ဒေါ်သီတာသိမ်း [၈/မဘန (ဧည့်)၀၀၀၃၄]၏လွှဲအပ်ညွှန်ကြားချက်အရ -

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂၂) ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ် (၂၂/၅၄၄)၊ အကျယ်အဝန်း (၄၀'x ၆၀') ဧကရှိ ဗိုလ်ကြီးလှညွှန့် (ကြည်း-၂၆၇၁၄) [၅/ရဘန(နိုင်)၀၂၇၄၅၆] အမည်ပေါက် ပါမစ်မြေ အမျိုးအစားဟုခေါ်တွင်သည့် မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို ဒေါ်သိန်းသိန်းနု [၁၂/မဂတ(နိုင်) ၀၄၅၆၆၉] သည် လက်ဝယ်ထားရှိ ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်အပြည့်အဝရှိ ကြောင်း ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရွှေကြည် တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၂၁/၁၉၈၆)
အမှတ်-၉၇၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မဂ်လာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

ကန့်ကွက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက္ကံ၊ (၁၆)ရပ်ကွက်၊ တောင်ဥလမ်း၊ အမှတ် (၆၂၈)နေ ဦးအောင်ကျော်ဦး (၁၂/ဥကမ(နိုင်)၁၃၈၀၁၂) နှင့် ဒေါ်သန်းသန်းဝင်း (၁၄/ဘကလ (နိုင်) ၀၆၄၄၁၈)တို့၏ သားဖြစ်သူ **မောင်ကျော်စိုးဟန်** (၁၂/ဥကမ (နိုင်) ၂၁၉၁၈၃)သည် မိဘများ၏ဆိုဆုံးမခြင်းကို နာခံခြင်းမရှိသည့်အပြင် မိဘများ၏ဂုဏ်သရေ ညှိုးနွမ်းအောင်လုပ်ဆောင်နေခြင်းများကြောင့် ယခုမှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ငွေကြေးအရှုပ်အရှင်းများကို လုံး၀ (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

ဒေါ်ကြည်ကြည်ဝင်း (LL.B., D.B.L)
ဦးအောင်ကျော်ဦး၊ ဒေါ်သန်းသန်းဝင်း တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၈)
အမှတ် (၂၂၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ၂-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၉၃၃၅၅၅၆၁၁၊ ၀၉ ၄၄၃၂၁၁၁

ကန့်ကွက်ခြင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရန်ကုန်-သန်လျင်တံတားအနီး၊ ကြယ်စင်ပြို့တော် အိပ်ရာစီမံကိန်းအတွင်းရှိ ဇုန်(City Loft)၊တိုက်အမှတ်(CL-7)(A 2)၊အခန်းအမှတ်(၁၁၄)၊ ဧရိယာ(၄၈၄)စတုရန်းပေအကျယ်ရှိ ကျွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဃင်လားဝိန်ငါ(၅/ကလထ(နိုင်) ၂၁၆၇၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက် အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ထွေးထွေးဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၂၇)
အမှတ်(၂၁၆၄/ခ)၊ မဟာဗန္ဓုလလမ်း၊ (ထ/၁၆)ရပ်ကွက်၊ ရွှေပြည်သာ၊ ဖုန်း-၀၉-၄၂၀၀၆၆၄၇၆၀

"အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ပိတောက်လမ်း၊ အမှတ် (၉၈၇)နေ ဒေါ်အင်ကြင်းဖြူ [၁၂/သလန(နိုင်)၁၆၈၇၉၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

"ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ် (၁၀)ရပ်ကွက်၊ ပိတောက်လမ်း၊ တာ၀မြို့ပြ ကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ်- ဘုရားကုန်း (အဆင့်-၂)၊ မြေကွက်အမှတ်- ၉၈၇ ၊ ဦးဘီလား အမည်ပါ၀ေ့သွင်းပြေစာအမှတ်- (0016429)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဦးဘီလား၊ ဒေါ်ညီညီသန်း [၁၂/ပဇတ(နိုင်) ၀၁၀၂၄၉] တို့အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံး"တို့ကို ဒေါ်ညီညီသန်းထံမှ (၂၅-၃-၂၀၂၀)ရက်နေ့တွင် ကျွန်ုပ်မိတ်ဆွေ ဒေါ်အင်ကြင်းဖြူက ရောင်းဖိုးငွေအပြေအကျေပေးချေ၍ အပြီးအပိုင် ဝယ်ယူထားပြီးလက်ရှိ နေထိုင် လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင် ဒေါ်အင်ကြင်းဖြူ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းများ၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းခြင်းများမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

ယင်းသို့ အသိပေးကြေညာချက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သင်းဆွေထက် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၅၆၂)
အမှတ်- ၁၅၈၊ ညာတိလမ်း၊ (ဃ) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများ အတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄-ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ပါရဂူဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

ပါရဂူသင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	ပါရဂူ(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) Ph.D(Medical Laboratory Technology)	(၃)နှစ်
(ခ)	ပါရဂူ(ဆေးဘက်ဆိုင်ရာခန္ဓာသဒ္ဒိစွမ်းမှုနည်းပညာ) Ph.D(Physiotherapy)	(၃)နှစ်

ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံသင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်ခွဲနည်းပညာ) M.Med. Tech(Medical Laboratory Technology)	(၂)နှစ်
(ခ)	ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) M.Med. Tech(Medical Imaging Technology)	(၂)နှစ်
(ဂ)	ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ခန္ဓာသဒ္ဒိစွမ်းမှုနည်းပညာ) M.Med. Tech(Physiotherapy)	(၂)နှစ်

ဆေးဘက်ဆိုင်ရာနည်းပညာဒီပလိုမာသင်တန်း

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	ဆေးဘက်ဆိုင်ရာအသံလွှဲနည်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ Diploma in Diagnostic Medical Sonography	(၁)နှစ်

၂။ လိုအပ်သောအရည်အချင်း

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပါရဂူဘွဲ့သင်တန်းအတွက် သက်ဆိုင်ရာဘာသာရပ်၌ ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ နိုင်ငံဝန်ထမ်းဖြစ်ရမည်။

(ဂ) မဟာသိပ္ပံသင်တန်းနှင့် ဒီပလိုမာသင်တန်းအတွက် သက်ဆိုင်ရာ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဃ) မဟာသိပ္ပံသင်တန်းနှင့် ဒီပလိုမာသင်တန်းအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ လျှောက်လွှာပိတ်သည့်နေ့အထိ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ပြည့်ပြီးသူ နိုင်ငံဝန်ထမ်းဖြစ်ရမည်။

(င) ပါရဂူဘွဲ့သင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) မဟာသိပ္ပံသင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဆ) ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဇ) ပါရဂူဘွဲ့ရရှိပြီးပါက အနည်းဆုံး(၅)နှစ် မဟာသိပ္ပံဘွဲ့ရရှိပြီးပါက အနည်းဆုံး(၅)နှစ်နှင့် ဆေးဘက်ဆိုင်ရာနည်းပညာ ဒီပလိုမာဘွဲ့ရရှိပြီးပါက အနည်းဆုံး(၂)နှစ်၊ နိုင်ငံဝန်ထမ်း အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဈ) သတ်မှတ်ထားသော သင်တန်းကာလကိုအချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ၄-၈-၂၀၂၃ရက်(သောကြာနေ့) ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဦးစီးဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ထိုကဲ့သို့ လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။ ကြိုတင်မိတ္တူတစ်စောင်ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်။

၅။ နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။

၆။ (က) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

